# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၂ ရက် | ၂၀၂၆ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ ကြာသပတေးနေ့ | အတွဲ(၆၅)၊ အမှတ်(၂၈၄)


**ဝီရိယကို မြဲမြံစွာအားထုတ်**

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သော သူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)

## နေရောင်ခြည် စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာ တိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်နှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝမြင့်မားရန်အတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာ ရရှိရေးသည် အလွန်အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ရေအားလျှပ်စစ်နှင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်များအပေါ်တွင် အဓိက မှီခိုအားထားနေရပါကြောင်း၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❖



## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇူလိုင် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ လင်ကျစ်မြို့၌ ကျင်းပမည့် ပဉ္စမအကြိမ်မြောက် တရုတ်နိုင်ငံ ရှီးဇန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (တိဘက်)၏ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဟိမဝန္တာတောင်တန်းဒေသ ဖြတ်ကျော်နိုင်ငံများဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ရန်

*စာမျက်နှာ ၃ ကော်လံ ၁* ○

## ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်နှင့် မဒေါက်မြို့များအတွင်း မြစ်ကမ်းအနီးနေထိုင်သူများ သတိပြုနေထိုင်

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ပေဝက်ကျော်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည်

*စာမျက်နှာ ၃ ကော်လံ ၄* ■

## ယနေ့ မိုးလေဝသ

**နေပြည်တော်**

မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်**

မိုးအသင့်အတင့်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။



## လေဖိအားနည်းရပ်ဝန်း ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် ဇူလိုင် ၁၅**

ယနေ့ညနေ ၃ နာရီ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း၊ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်းကမ်းလွန်-အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်ပြီး အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်းနှင့် အနောက်ဘင်္ဂလားပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ **မိုး/ဇလ**

## မော်တော်ယာဉ်ပိုင်ရှင် အမည်ပြောင်း ဆောင်ရွက်မှုအပေါ် အခွန်စိစစ်ခြင်းနှင့် ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းကို Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ အခွန်ထမ်းပြည်သူများအနေဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးဖြစ်သော မော်တော်ယာဉ်များအား လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အမည်ပြောင်းမှတ်ပုံတင်နိုင်ရန် အခွန်စိစစ်သည့်ကိစ္စရပ်များကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ Vehicle Automatic Valuation System (VAVS) ဖြင့် ပြောင်းလဲကျင့်သုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ အခွန်ထမ်းပြည်သူများအနေဖြင့် https://vavs.ird.gov.mm ၌ မိမိ၏ဖုန်းနံပါတ်ကို အသုံးပြု၍ စနစ်အတွင်းသို့ ဝင်ရောက်ပြီး မော်တော်ယာဉ်အမှတ်နှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ●



## တောင်သူ ၁၈ ဦး စုပေါင်း၍ လယ်ဧက ၁၀၀ ၌ စနစ်ကျသော စပါးတစ်မျိုးတည်း စိုက်ပျိုး

**တောင်ငူ ဇူလိုင် ၁၅**

တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာအုပ်စု တိုးတက်အောင် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူ ၁၈ ဦး ပိုင်ဆိုင်သည့် လယ်ဧက ၁၀၀ ၌ တောင်သူ ၁၈ ဦးနှင့် အောင်နိုင်သစ္စာကုမ္ပဏီတို့ပူးပေါင်း၍ သမဝါယမစနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် *စာမျက်နှာ ၃ ကော်လံ ၅*✻

## ယနေ့ ဖတ်စရာ


**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ကျင်းပ** — *လွှတ်တော်ရေးရာ > စာ > ၅*

**အိန္ဒိယနိုင်ငံ၏ ဝါစိုက်ပျိုးရေးအကြောင်း တစေ့တစောင်း** — *ဆောင်းပါး > စာ > ၆*

**မော်တော်ယာဉ် (ဝယ်ယူ/ရောင်းချ)ခြင်း အပေါ် အလိုအလျောက် တန်ဖိုးစိစစ် အခွန်တွက်ချက်ပေးဆောင်နိုင်မည့် VAVS စနစ်** — *ဆောင်းပါး > စာ > ၁၆*

○ *ရှေ့ဖုံးမှ*

ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားနှင့် တာဝန်ရှိသူများကရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**တာဝန်ရှိသူများ လိုက်ပါသွား**

ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးနိုင်မင်းကျော်၊ ဒေါက်တာသောင်းနိုင်ဦး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ လိုက်ပါသွားကြသည်။

အဆိုပါဖိုရမ်ကို ဟိမဝန္တာတောင်တန်းဒေသတွင် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ ဒေသတွင်းနှင့် အခြားနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ဘုံဖွံ့ဖြိုးမှုကိုမြှင့်တင်ရန် ရည်ရွယ်၍ ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ *ရှေ့ဖုံးမှ*

မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်ပေခန့်တွင် ရောက်ရှိနေပြီးနောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟင်္သာတမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် ဖောင်းပြင်မြို့နယ်နှင့် မဒေါက်မြို့များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီသည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင်၊ ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(ယာပုံ)**



အစည်းအဝေးသို့ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးဂျဲန်ဖန်နော်တောင် (ခ) ဦးနော်တောင်၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

● *ရှေ့ဖုံးမှ*

လိုအပ်သော အချက်အလက်များကို ဖြည့်သွင်းပေးခြင်းဖြင့် စနစ်မှ အလိုအလျောက်တန်ဖိုးစိစစ်၍ အခွန်တွက်ချက်ပေးမည်ဖြစ်ပြီး Online Payment ဖြင့် ကျသင့်အခွန်ကို ပေးဆောင်နိုင်မည် ဖြစ်ပါသည်။

၃။ အခွန်ပေးဆောင်ခြင်းကို VAVS စနစ်နှင့် ချိတ်ဆက်ထားသော IRD's Tax Payment Hub မှတစ်ဆင့် MPU Debit Card ဖြင့်လည်းကောင်း၊ MMQR Code ကို အသုံးပြု၍ KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan၊ GTB Pay၊ MoMoney စသည်တို့ဖြင့်လည်းကောင်း၊ uab Bank ၊ Shwe Bank၊ A Bank တို့၏ Mobile Banking စနစ်များဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

၄။ အခွန်ပေးဆောင်ပြီးပါက VAVS စနစ်မှရရှိသည့် အီလက်ထရောနစ် အခွန်ဆိုင်ရာ စိစစ်ဆောင်ရွက်ပြီးကြောင်း ထောက်ခံချက် (e-Tax Clearance Certificate) QR Form ကို ကြည်လင်ပြတ်သားစွာ ထုတ်ယူ၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မော်တော်ယာဉ်အမည်ပြောင်းကိစ္စကို ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၅။ ကနဦးမော်တော်ယာဉ်များ၊ ကုမ္ပဏီအမည်ဖြင့် အမည်ပြောင်းမှတ်ပုံတင်ခြင်းလုပ်ငန်းများ၊ ဝင်ငွေရလမ်းတင်ပြမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ မူလဆောင်ရွက်သည့် လုပ်ငန်းစဉ်များအတိုင်း သက်ဆိုင်ရာရုံးများတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက Call Center ဖုန်းနံပါတ် 1515 သို့လည်းကောင်း၊ techsupport.vavs@ird.gov.mm နှင့် callcenter.vavs@ird.gov.mm သို့ အီးမေးလ်ပေးပို့၍ လည်းကောင်း၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုဌာနခွဲ(ရန်ကုန်)(၀၁-၈၃၈၉၃၁၁၊ ၀၁-၈၃၈၉၃၂၂)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်) (၀၆၇-၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၄၄)၊ အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) (၀၂-၄၀၃၀၆၃၇၊ ၀၂-၄၀၃၀၆၃၈)၊ အီလက်ထရောနစ် ဝန်ဆောင်မှုနည်းပညာဆိုင်ရာ အကူအညီပေးရေးစင်တာ (e-Service Help Desk Center) (၀၁-၈၃၇၈၃၇၁၊ ၀၁-၈၃၇၀၁၉၅၊ ၀၁-၈၃၇၉၀၂၁) နှင့် နီးစပ်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများ၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်သွားရောက်၍ လည်းကောင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**

## ယာဉ်မောင်းလိုင်စင် ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရှိ နေပြည်တော်ရုံး၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)နှင့် ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)နှင့် ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)ရုံးများတွင် ယာဉ်မောင်းလိုင်စင်ဝန်ဆောင်မှုလုပ်ငန်းများ၏ ကျသင့်ငွေများအား Digital Payment ဖြင့် ငွေပေးချေခြင်းနှင့် Online စနစ်ဖြင့် "ခ"၊ "ဂ"၊ "ဃ"၊ "င" ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းအား Online စနစ်ဖြင့် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၉၀ အတွင်း ကြိုတင်သက်တမ်းတိုးခြင်းအား ၁၇-၇-၂၀၂၆ ရက် (သောကြာနေ့)မှစတင်၍ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၂။ ယာဉ်မောင်းလိုင်စင် သက်တမ်းတိုးခြင်းကို Online မှ ဝန်ဆောင်မှုရယူလိုသူများသည် မိမိတို့ Mobile Phone/ Tablet အသုံးပြု၍ MM Driver License E-Payment Mobile Application အား Google Play Store မှတစ်ဆင့် download ရယူသုံးစွဲနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အဆိုပါစနစ်နှင့်ပတ်သက်၍ အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.mot. gov.mm၊ www.rtad.gov.mm နှင့် www.myanmarrtad.comWebsite များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) ၀၆၇-၃၄၀၅၀၉၉
- နေပြည်တော်ရုံး ၀၆၇-၄၅၁၀၀၆၂၊ ၀၆၇-၄၅၁၀၀၆၄
- တိုင်းဒေသကြီးရုံး(ရန်ကုန်) ၀၉-၉၅၄၉၂၀၀၀
- တိုင်းဒေသကြီးရုံး(မန္တလေး) ၀၉-၄၃၀၉၆၉၈၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ အဝင်ခရီးသည်များအနေဖြင့် သယ်ဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးကြေညာခြင်း

၁။ နယ်စပ်ဝင်ပေါက်များမှလည်းကောင်း၊ ပင်လယ်ရေကြောင်းဝင်ပေါက်များမှလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှလည်းကောင်း ဝင်ရောက်လာသော မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်၍ ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာလေဆိပ် (ရန်ကုန်၊ နေပြည်တော်၊ မန္တလေး) များမှ ဝင်ရောက်လာသည့် ခရီးသည်များနှင့်အတူပါရှိလာသည့် (ခရီးသည်တစ်ဦးလျှင် လက်ရှိအသုံးပြုနေသည့် ဖုန်းအပါအဝင် မိုဘိုင်းလက်ကိုင်ဖုန်းနှစ်လုံးသာ သယ်ယူခွင့်ပြုပါသည်) မိုဘိုင်းလက်ကိုင်ဖုန်းများကိုသာ CEIR စနစ်တွင် မှတ်ပုံတင်ရန်အတွက် အောက်ဖော်ပြပါလုပ်ငန်းစဉ်များအား ဆောင်ရွက်ခွင့်ပြုမည်ဖြစ်သည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်**

၂။ အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ ဝင်ရောက်လာသည့် ခရီးသည်များအနေဖြင့် CEIR စနစ်တွင် မှတ်ပုံတင်ထားခြင်းမရှိသေးသော မိုဘိုင်းလက်ကိုင်ဖုန်းများပါရှိလာပါက လေဆိပ်အကောက်ခွန် ကောင်တာတွင် Passenger Declaration Form (PD Form) ဖြင့် ကြေညာရမည်ဖြစ်ပါသည်။ ထိုသို့ကြေညာရာတွင် PD Form ၌ IMEI နံပါတ်အား မဖြစ်မနေထည့်သွင်းကြေညာရမည်။

၃။ မိုဘိုင်းလက်ကိုင်ဖုန်းများအား CEIR စနစ်တွင် မှတ်ပုံတင်နိုင်ရန်အတွက် CEIR OSS အဖွဲ့သို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လာရောက်၍ လျှောက်ထားနိုင်သည်-

(က) CEIR စနစ်တွင် မှတ်ပုံတင်ခွင့် လျှောက်လွှာ

( ခ ) Passport (မိတ္တူ) (ဓာတ်ပုံပါသောရှေ့စာမျက်နှာနှင့် လေဆိပ်လဝကမှ ရောက်ရှိရက်စွဲ ရိုက်နှိပ်ထားသော စာမျက်နှာ)

( ဂ ) Boarding Pass (မူရင်း၊ မိတ္တူ)

(ဃ) လေယာဉ်လက်မှတ် (မူရင်း၊ မိတ္တူ)

( င ) Passenger Declaration Form (PD Form) (မူရင်း)

၄။ လျှောက်ထားလာမှုသည် Passenger Declaration Form (PD Form) ကြေညာခဲ့သည့်ရက်မှ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထား၍ ကျသင့်အခွန်ကို ပေးသွင်းရမည်။ ရက်ပေါင်း (၃၀) အတွင်း လျှောက်ထားနိုင်ခြင်းမရှိပါက CEIR စနစ်မှ ကျသင့်အခွန်အပြင် ဒဏ်ကြေးများ ကောက်ခံသွားမည် ဖြစ်ပါသည်။

၅။ ခရီးသည်တစ်ဦးလျှင် ပထမအကြိမ် PD Form ကြေညာသည့်နေ့မှ တစ်နှစ်အတွင်း မိုဘိုင်းလက်ကိုင်ဖုန်း နှစ်လုံးအထိသာ လျှောက်ထားနိုင်သည်။

**CEIR နှင့် EIR စနစ်စီမံကိန်းဦးစီးကော်မတီ**

## မိတ္ထီလာ၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မိတ္ထီလာ ဇူလိုင် ၁၅**

မိတ္ထီလာမြို့နယ်၌ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်ချောစုစုလွင်က နိုင်ငံသားတိုင်း တရားဥပဒေစိုးမိုးမှုရှိစေရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်မျိုးဝင်းက သင်တန်းတွင် သင်ကြားပေးရမည့် ဥပဒေဘာသာရပ်များနှင့် ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအနေဖြင့် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အသုံးဝင်မည့် ဥပဒေများ၊ သိသင့်သိထိုက်သည့် ဥပဒေများအား ငါးရက်ကြာ ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

✳ *ရှေ့ဖုံးမှ*

စနစ်ကျသော စပါးတစ်မျိုးတည်း စုပေါင်းစိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ကျင်းပရာ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ သမဝါယမဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင်လတ်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံတော်၏ ပညာရေးကဏ္ဍ မြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များ" ပညာရေးဝန်ကြီးဌာန ရှင်းလင်းတင်ပြ

**နေပြည်တော် ဇူလိုင် ၁၅**

လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်ရေးအတွက် "နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ"အား ပညာရေးဝန်ကြီးဌာနက ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော် နာယကဦးအောင်လင်းဒွေး၊ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက Jang Phang နော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက ယနေ့ပြုလုပ်သည့် အစီအစဉ်သည် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ JCC ၏ အစီအစဉ်နှင့် နိုင်ငံတော်၏ပညာရေးကဏ္ဍနှင့် ပတ်သက်သည့် ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များသိရှိနိုင်ရန် ရှင်းလင်းတင်ပြသွားမည့် အစီအစဉ်ဖြစ်ကြောင်း၊ ယခုအစီအစဉ်ကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းပြီး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပညာရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ပိုမိုသိရှိနားလည်ပြီး လွှတ်တော်ကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်မှုနှင့် စွမ်းဆောင်ရည်ပိုင်းတွင် ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်ကြောင်း၊ ဝန်ကြီးဌာနများ၏ သတင်းအချက်အလက်များ မျှဝေပေးခြင်းအစီအစဉ်ကို ကဏ္ဍများအလိုက် ဆက်လက်စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုကို တည်ဆောက်လိုပါက လူသားအရင်းအမြစ် ဖွံ့ဖြိုးရန်လိုအပ်ကြောင်း၊ လူသားအရင်းအမြစ်ကို ပျိုးထောင်ပေးနေသည့် နည်းလမ်းသည် ပညာရေးကဏ္ဍကို မြှင့်တင်ခြင်းဖြစ်ကြောင်း၊ ပညာရေးသည် လူတစ်ဦးချင်းစီ၏ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက်သာမက တစ်နိုင်ငံလုံး၏ စီးပွားရေး၊ လူမှုရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး၊ ဒီမိုကရေစီနှင့် လူမှုရေးတရားမျှတမှု၊ နည်းပညာခေတ်နှင့် လိုက်လျောညီထွေဖြစ်မှုစသည့် ယနေ့ခေတ်ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများကို ရင်ဆိုင်နိုင်ရေးအတွက် အလွန်ပင်အရေးပါကြောင်း၊ ထို့ကြောင့် ပညာရေးကဏ္ဍမြှင့်တင်ရေးသည် အနာဂတ်နိုင်ငံတော်အတွက် တန်ဖိုးရှိသောရင်းနှီးမြှုပ်နှံမှု တစ်ခုဖြစ်ကြောင်း။

ပညာရေးသည် နိုင်ငံတစ်နိုင်ငံ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ခိုင်မာသောအခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အကြားတွင် ပညာရေး၏ ကွာဟမှုမြင့်မားခြင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ တိုးတက်ရေးအတွက် အဓိကလုပ်ဆောင်ကြသည့် ကဏ္ဍများတွင် ပညာရေးကဏ္ဍသည် ထိပ်ဆုံးမှပါဝင်ကြောင်း၊ ပညာရေးကဏ္ဍကို ပြုပြင်ပြောင်းလဲသည့်အခါ အတိမ်းအစောင်း အနည်းငယ်သည်ပင်လျှင် ကြီးစွာသောသက်ရောက်မှုကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အထူးသဖြင့် တိုင်းပြည်၏ အနာဂတ်ခေါင်းဆောင်များသည် စာသင်ခန်းများအတွင်းမှ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အမြော်အမြင် ကြီးမားသည့်နိုင်ငံ့ခေါင်းဆောင်တိုင်းသည် ပညာရေးကဏ္ဍတိုးတက်အောင် အဘက်ဘက်က အားပေးဆောင်ရွက်လျက်ရှိကြကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်သည် နိုင်ငံတော်အတွက် အရေးပါသည့် မဏ္ဍိုင်တစ်ရပ်ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့် စပ်လျဉ်းသောဆွေးနွေးပွဲတွင် ပညာရေးကဏ္ဍ၏ အလွန်အရေးကြီးသည့် အကြောင်းအရာများ ပါဝင်ကြောင်း၊ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့အရည်အသွေးမြှင့်တင်ရေးကို စဉ်ဆက်မပြတ်လေ့ကျင့် တည်ဆောက်ရမည်ဖြစ်သည့်အတွက် ယနေ့ဆွေးနွေးပွဲမှ ကိုယ်စားလှယ်များ၏ စွမ်းရည်ကို ပိုမိုပြည့်စုံကောင်းမွန်လာရန် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ကြောင်း။

ကိုယ်စားလှယ်များအနေဖြင့် ယနေ့ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲမှ ရရှိလာမည့် အသိပညာ၊ ဗဟုသုတများကို မိမိတို့၏ သက်ဆိုင်ရာမဲဆန္ဒနယ်များတွင် အကျိုးရှိစွာပြန်လည်အသုံးချပြီး နိုင်ငံနှင့်ပြည်သူက အားကိုးအားထားပြုရသည့် အရည်အချင်းပြည့်ဝသည့် ကိုယ်စားလှယ်များဖြစ်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားပါရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က နိုင်ငံတော်၏ ပညာရေးကဏ္ဍမြှင့်တင်ရေးဆိုင်ရာဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန၏ မျှော်မှန်းချက်၊ လုပ်ငန်းတာဝန်များ၊ မူဝါဒများ၊ စံတန်ဖိုးများ၊ ပညာရေးဝန်ကြီးဌာနဖွဲ့စည်းပုံ၊ ပညာရေးမြှင့်တင်မှုမဟာဗျူဟာများ၊ ကျောင်းများဖွင့်လှစ်ခြင်း၊ ကျောင်းသားမိဘများ၏ ပညာရေးကုန်ကျစရိတ်လျှော့ချပေးရေး၊ တိုင်းရင်းသားဘာသာစကားသင်ကျောင်းများကို အားပေးပံ့ပိုးရေး၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကို အားပေးပံ့ပိုးရေး၊ ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်၊ ကျောင်းပြင်ပအလယ်တန်း ပညာရေးအစီအစဉ်၊ ဆရာအသစ်ခန့်အပ်မှု၊ ကျောင်းများအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရေး၊ မြန်မာ့ပညာရေးရုပ်သံထုတ်လွှင့်နေမှု၊ Naypyitaw State Academy တည်ထောင်ဖွင့်လှစ်ခြင်း၊ ဘာသာရပ်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ BA(Law), BA(Eco) သင်တန်းများဖွင့်လှစ်ရေး၊ ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ရေး၊ ပါရဂူဘွဲ့သင်ကြားနေသောဘာသာရပ်များ၊ ဆရာများဖြည့်ဆည်းရေးအတွက် လေ့ကျင့်ပေးသည့် ပညာရေးတက္ကသိုလ်/ဒီဂရီကောလိပ်များ၊ ဆရာ ဆရာမများဖြည့်ဆည်းရေးအတွက် ဖွင့်လှစ်ပို့ချလျက်ရှိသည့် သင်တန်းများ၊ မဟာဝိဇ္ဇာ/ မဟာသိပ္ပံ(ပညာရေး)ဘွဲ့ သင်တန်းတက်ရောက်ရန် လျာထားကျောင်းသားစာရင်း၊ တက္ကသိုလ်အသစ်ဖွင့်လှစ်ရာတွင် အနိမ့်ဆုံးလိုအပ်သော သတ်မှတ်ချက်များ၊ လူတိုင်းအကျုံးဝင်ပညာရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများဖွင့်လှစ်ခြင်း၊ University of Distance Education တို့နှင့် စပ်လျဉ်း၍လည်းကောင်း။

ပညာရေးသင်ယူမှုအခွင့်အလမ်းဖွင့် တက္ကသိုလ် (Open University)၊ ဘဝတစ်သက်တာလေ့လာသင်ယူနိုင်မှုမြှင့်တင်ရေး၊ ကျောင်းသားဗဟိုပြု လေ့လာသင်ယူမှုအပေါ် အလေးထားဆောင်ရွက်ရေး၊ အပြန်အလှန်သင်ကြားသင်ယူမှု (Interactive Teaching and Learning)၊ ဆရာ ဆရာမများစွမ်းရည်မြင့်မားရေး၊ ပညာရေးဝန်ထမ်းများအား ခံစားခွင့်ချီးမြှင့်ခြင်း၊ သင်ရိုးညွှန်းတမ်း ပြုပြင်မွမ်းမံရေး၊ သာသာ၊ စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေး၊ ဥပဒေအသိပညာပြန့်ပွားရေးသင်တန်းများ ပို့ချနေမှု၊ အွန်လိုင်းစနစ်ဖြင့် ကျောင်းသားမှတ်ပုံတင်ခြင်းနှင့် ငွေပေးသွင်းခြင်းစနစ်၊ သင်ယူမှုစီမံခန့်ခွဲရေးစနစ်(LMS) ဆိုင်ရာ အနာဂတ်အစီအစဉ်များ၊ AI + ပညာရေး ပေါင်းစပ်အသုံးချမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ၊ နှစ်အလိုက်အောင်ချက်ရာခိုင်နှုန်း၊ အနာဂတ် မြန်မာ့ပညာရေး ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ စစ်ဆေးအကဲဖြတ်ခြင်း၊ ထူးချွန်သူများကိုချီးမြှင့်ရေး၊ လူရည်ချွန်စီမံကိန်း၊ အားကစားနှင့်ပညာရေးပေါင်းစပ် သင်ကြားရေး၊ သုတေသနအားပေးဆောင်ရွက်ရေး၊ ဒီဂျစ်တယ်ပညာရေး၊ လက်ရှိပညာရေးဆောင်ရွက်နေမှုများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက မြန်မာ့ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်သင့်သည့်အချက်များနှင့် စပ်လျဉ်း၍ ဆွေးနွေးအကြံပြုခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတက်ရောက်

**နေပြည်တော် ဇူလိုင် ၁၅**

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန၏ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရုံးပရဝဏ် အတွင်း၌ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင် တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က သစ်ပင်စိုက်ပျိုးပွဲ အထိမ်းအမှတ်အဖြစ် ခရေပင်ဦးဆောင်စိုက်ပျိုးပေးကြပြီး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများက သတ်မှတ်နေရာတွင် သစ်ပင်များကို စိုက်ပျိုးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူနှင့်ဥပဒေထိတွေ့မှုများစေရန် ပြည်သူ့စကားဝိုင်းကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တွင် ဥပဒေရေးရာ အသိပညာပေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၆)ရပ်ကွက် အလိုတော်ပြည့်ဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမဉ္ဇူတို့က အမှာစကားပြောကြားပြီး အမှတ် (၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသော်တာက ဥပဒေရေးရာများ ဆွေးနွေးခြင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးက မူခင်းကျဆင်းရေးနှင့် ဒုတိယမြို့နယ် ဥပဒေအရာရှိက ပြည်သူများ ဥပဒေထိတွေ့မှု များပြားလာစေရေး၊ အမှတ်(၂၈)ယာဉ်ထိန်း ရဲတပ်ဖွဲ့စုမှ တပ်ကြပ်ကြီးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ဆွေးနွေးကြသည်။ **အေးမဉ္ဇူ**



ရတနာသစ်တော
ပြည့်သွေးကြော
သစ်တောရတနာ
ထိန်းသိမ်းပါ

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**
တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လမ်း၊တံတားဆိုင်ရာအဆင့်မြှင့် တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်းသည့် မေးခွန်း ခြောက်ခု မေးမြန်းဖြေကြားခြင်းနှင့်အဆို တစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **သီပေါမြို့နယ်၊ လောဝ်ခွန်- မူးလေး-တိန်ခမ်း- ဖိုက်ကန်လမ်းပိုင်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ဖိုက်ကန်-တဲစန်း-လောဝ်ခွန်-ကွန်ကျောင်း-တိန်ခမ်းလမ်းသည် ၆ မိုင် ၆ ဖာလုံရှိပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းပိုင်းအား ပထမအဆင့် အနေဖြင့် ရာသီမရွေးသွားလာနိုင်စေရန် မြေသားလမ်းအပိုင်းအား ကျောက်ခင်းလမ်းအဖြစ် တစ်မိုင် ဆောင်ရွက်နိုင်ရန် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် လျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကျန်ရှိသော မြေသားလမ်းအပိုင်းများအား ကျောက်ခင်းလမ်းဆောင်ရွက်ပြီးစီးပါက ၁၂ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေတွင် နှစ်အလိုက်လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးကိုကိုဦး၏ **ချမ်းမြသာစည်မြို့နယ်၊ ၁၀၉ လမ်း(၅၅x၅၆) ကြားရှိ ပန်းရံတော်ချောင်းကူး ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ရန် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ချမ်းမြသာစည်မြို့နယ်ရှိ ပန်းရံတော်ချောင်းသည် အရှည် ၂ ဒသမ ၅၂ မိုင်ရှိပြီး အဆိုပါလမ်းပိုင်းတွင် တံတား နှစ်စင်း ရှိပါကြောင်း၊ ၁၀၉ လမ်း၊ ၅၅ x ၅၆ လမ်းကြားတွင် ပေ ၆၀ အရှည် ပေ ၃၀ အကျယ် တံတားတစ်စင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမိုမိုဇော်၏ **သဲကုန်းမြို့နယ်၊ အင်းမချောင်းကူး တံတားအနောက်ဘက်မှ မြို့တွင်းသို့ ၃ ဖာလုံခန့်အား လမ်းသားအမြင့် မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သဲကုန်းမြို့နယ်၊ အင်းမမြို့ ချောင်းကူးအင်းမတံတားမှ အနောက်ဘက် အင်းမမြို့တွင်း ၃ ဖာလုံခန့် လမ်းအပိုင်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါ အင်းမချောင်းကူးတံတား အနောက်ဘက်မှ မြို့တွင်း မိုင်တိုင်(၁၅၃/၃ နှင့် ၁၅၃/၆)ကြား ၃ ဖာလုံအား လမ်းသားမြှင့်တင်ခြင်း လုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးမြင့်ဇော်လင်း၏ **ကညွတ်ကွင်းမြို့အနောက် ရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်မှု ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကညွတ်ကွင်း-မြင်ပင်-ရေအိုးစင်လမ်း၏ လက်ရှိလမ်းအခြေအနေမှာ အမာခံလမ်း ၇ မိုင် ၅ ဖာလုံဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ အမာခံလမ်းပိုင်း ပထမအဆင့်အနေဖြင့် ရာသီမရွေးသွားလာနိုင်သော ကျောက်ခင်းလမ်းအဖြစ် တစ်မိုင် ဆောင်ရွက်နိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် လျာထားနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။



ဆက်လက်၍ ကျန်ရှိသော အမာခံလမ်းပိုင်းအား ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်ပြီး ကျောက်ခင်းလမ်းဆောင်ရွက် ပြီးစီးပါက ၁၂ ပေအကျယ် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် နှစ်အလိုက် လျာထားရေးဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **မင်းလှမြို့နယ်၊ အမှတ် (၇)၊ ရပ်ကွက်ရှိလမ်း သွယ် ၆ လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မင်းလှမြို့၊ ပြည်တော်သာ အိမ်ရာအတွင်း၌ ပြည်တော်သာလမ်းသွယ် လမ်းသွယ် ၆ လမ်းရှိပြီး အဆိုပါလမ်းသွယ်များအနက် လမ်းသွယ်(၁ နှင့် ၂) ကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ကနဦး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

ကျန်ရှိနေသည့် လမ်းသွယ်(၃ နှင့် ၄) နှင့် လမ်းသွယ် (၅ နှင့် ၆) တို့ကို ၂၀၂၉-၂၀၃၀ ဘဏ္ဍာရေးနှစ်တွင် ၁၂ ပေအကျယ် ကွန်ကရစ်လမ်းများအဖြစ် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထား ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သာပေါင်းမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း- ရေနံ့သာကားလမ်းမကြီးအား အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမည့် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က သာပေါင်းမြို့နယ်အတွင်းရှိ သာပေါင်း - ရေနံ့သာလမ်းအပိုင်း ၂၃ မိုင်နှင့်စပ်လျဉ်း၍ ပထမအဆင့်အနေဖြင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အဆိုပါလမ်းပိုင်းအား ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရန် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဒုတိယအဆင့်အနေဖြင့် အမာခံလမ်းနှင့်မြေသား လမ်းပိုင်းများအား ရာသီမရွေး သွားလာနိုင်မည့် ကျောက်ခင်းလမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ နှစ်အလိုက် လျာထားနိုင်ရေး ဆောင်ရွက်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ကျောင်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာထိန်ဝင်း တင်သွင်းသည့် **"မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများမှ ရရှိသော ကိန်းဂဏန်းအချက်အလက်များအား စနစ်တကျ ထိရောက်စွာစီမံခန့်ခွဲ၍ နိုင်ငံတော်၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာမြောက်မူဝါဒများ ချမှတ်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် "အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုကော်မရှင်" တစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆို"**နှင့် စပ်လျဉ်း၍ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်က အဆို၏ ရည်ရွယ်ချက်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသော ရည်ရွယ်ချက်ဖြစ်သည်ကို အသိအမှတ်ပြုပါကြောင်း၊ သို့ရာတွင် ကော်မရှင်အသစ်တစ်ရပ် ဖွဲ့စည်းခြင်းထက် လက်ရှိဆောင်ရွက်နေသည့် ယန္တရားများကို ပိုမိုအားကောင်းအောင်ဆောင်ရွက်ခြင်း၊ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်မှုမြှင့်တင်ခြင်း၊ အချက်အလက်များကို ထိရောက်စွာ အသုံးချနိုင်သည့်စနစ်များ တည်ဆောက်ခြင်းတို့က ပိုမိုအရေးကြီးသည်ဟု ခံစားမိပါကြောင်း၊ ထို့ကြောင့် လက်ရှိဆောင်ရွက်နေသော လုပ်ငန်းစဉ်များကို ဆက်လက်အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်လိုအပ်ပါက အမျိုးသားအဆင့် ညှိနှိုင်းရေးယန္တရားကို ဖွဲ့စည်းပုံအတွင်းမှ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်သင့်ကြောင်း အဆိုနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံ၏ လူဦးရေ၊ အသက်အရွယ်ဖွဲ့စည်းပုံ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်၊ မသန်စွမ်းသူဦးရေ၊ သက်ကြီးရွယ်အိုဦးရေ၊ ကလေးသူငယ်ဦးရေ၊ ရွှေ့ပြောင်းနေထိုင်မှု၊ ပြည်တွင်းပြည်ပသွားရောက်နေထိုင်လုပ်ကိုင်မှု၊ အိမ်ရာအခြေအနေ၊ စက်ပစ္စည်းများနှင့် ယာဉ်ယန္တရားအခြေအနေများအား သိရှိနိုင်သော အခြေခံအချက်အလက်များကို ပေးစွမ်းနိုင်ပါကြောင်း၊ သို့သော် အချက်အလက်ကောင်းများရှိရုံမျှဖြင့် မလုံလောက်ပါကြောင်း၊ ထိုအချက်အလက်များကို စနစ်တကျစုစည်းခြင်း၊ သုံးသပ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် မူဝါဒချမှတ်ရာတွင် အကျိုးရှိစွာအသုံးချနိုင်မှသာ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိမည်ဖြစ်ပါကြောင်း သို့ဖြစ်ပါ၍ ကော်မရှင်ကို ဖွဲ့စည်းသင့်ပါကြောင်းအဆိုအား ထောက်ခံဆွေးနွေးသည်။

အင်ပူမဲဆန္ဒနယ်မှ ဒေါက်တာဌေးဝင်းက သန်းခေါင်စာရင်းအချက်အလက်များမှတစ်ဆင့် မိမိတို့နိုင်ငံ၏ ပိုမိုခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံအဖြစ်သို့ ကျန်းမာသော၊ ဉာဏ်ရည်ဖွံ့ဖြိုးသော၊ အာဟာရပြည့်ဝသော၊ လူငယ်လူရွယ်များဖြင့် ဖွဲ့စည်းသည့် ပိုမိုကောင်းမွန်သော အနာဂတ်စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရာတွင် နိုင်ငံတော်အစိုးရ၊ လူမှုအဖွဲ့အစည်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ပြည်သူလူထုအားလုံးအတွက် အထောက်အကူပြုပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေက ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို အောင်မြင်စွာ ကောက်ယူပြီးစီးကာ နောက်ဆုံးရ အချက်အလက်အသစ်များ ရရှိထားပြီဖြစ်သောကြောင့် ဤအချိန်သည် သက်သေအခြေပြု အမျိုးသားလူဦးရေမဟာဗျူဟာတစ်ရပ် ချမှတ်အကောင်အထည်ဖော်ရန် အသင့်ဆုံးအချိန် ဖြစ်ပါကြောင်း။

လူဦးရေဆိုင်ရာအခွင့်အလမ်းအရ အလုပ်လုပ်နိုင်သော အသက်အုပ်စု(၁၅-၆၄နှစ်) သည် မှီခိုသူဦးရေထက် အချိုးအစား များပြားလာသည့်အခါ ထုတ်လုပ်မှုစွမ်းအားမြင့်တက်ပြီး စီးပွားရေး တိုးတက်မှုကို တွန်းအားပေးနိုင်ပါကြောင်း၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ၂၀၂၅ ခုနှစ် သုံးသပ်ချက်အရ မြန်မာနိုင်ငံသည် ယခုအခါ ဤအခွင့်အလမ်းကို အသုံးချရန် အရေးကြီးသော ကာလသို့ ရောက်ရှိနေပြီဖြစ်၍ လူငယ်များအတွက် ရင်းနှီးမြှုပ်နှံမှုများကို အရှိန်မြှင့်ရန် လိုအပ်ပါကြောင်း။

ကလေးမွေးဖွားနှုန်းကျဆင်းခြင်းနှင့် သက်တမ်းရှည်လာခြင်းတို့ကြောင့် သက်ကြီးရွယ်အိုဦးရေတိုးလာခြင်းသည် လူမှုဖူလုံရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် စီးပွားရေးတို့အပေါ် ဖိအားသက်ရောက်စေသည့်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရန် လိုအပ်ပါကြောင်း အဆိုနှင့်စပ်လျဉ်း၍ ထောက်ခံဆွေးနွေးသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးမိုးတင်က ယနေ့ခေတ်သည် လျင်မြန်စွာပြောင်းလဲနေသော လူမှုစီးပွားအခြေအနေများကို တုံ့ပြန်ရန် ကြိုးစားနေရသည်မှာ အလွန်ခက်ခဲလှပါကြောင်း၊ အချက်အလက်များကို စနစ်တကျကောက်ယူပြီး နိုင်ငံတော်၏ မူဝါဒများချမှတ်ရာတွင် အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်မည့် “အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကော်မရှင်” ပေါ်ထွန်းလာရန် အလွန်လိုအပ်ပါကြောင်း၊ ကော်မရှင်သာ ပေါ်ပေါက်လာပါက မည်သည့်ဒေသတွင် ကျွမ်းကျင်မှုလိုအပ်ကြောင်း၊ မည်သည့်လုပ်ငန်းခွင်သို့ လူငယ်အင်အားလွှဲပြောင်းပေးရမည်ကို တိကျသော အချက်အလက်ဖြင့် ညွှန်ပြနိုင်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ဖွဲ့စည်းခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်က ကော်မရှင်တစ်ရပ် ဖွဲ့စည်းခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ရေရှည်မဟာဗျူဟာမြောက် အကျိုးကျေးဇူးအဖြစ် ဘတ်ဂျက်နှင့် နိုင်ငံတော်အရင်းအမြစ်များကို လေလွင့်မှုမရှိဘဲ ထိရောက်စွာ သုံးစွဲနိုင်ခြင်း၊ ယခင်က မိမိတို့နိုင်ငံတွင် ဒေသန္တရဖွံ့ဖြိုးရေးဘတ်ဂျက်များ ချထားရာတွင် သမိုင်းကြောင်းအရ သော်လည်းကောင်း၊ ခန့်မှန်းခြေဖြင့် သော်လည်းကောင်း ခန့်မှန်းခွဲဝေခဲ့ကြခြင်းကြောင့် လိုအပ်ချက်နှင့် ထောက်ပံ့မှုလွဲချော်မှုများရှိခဲ့သည်ကို သုံးသပ်နိုင်မည်ဖြစ်ပါကြောင်း၊ ယခု ကော်မရှင်က သန်းခေါင်စာရင်းအချက်အလက်များကို Advanced Analytics နည်းပညာဖြင့် တိတိကျကျ ဆန်းစစ်ပေးမည်ဖြစ်သည့်အတွက် အမှန်တကယ် ဆင်းရဲနွမ်းပါးမှု အမြင့်ဆုံးဒေသ၊ အလုပ်လက်မဲ့အများဆုံးဒေသနှင့် အခြေခံအဆောက်အအုံ အလိုလားဆုံးဒေသများကို တိကျစွာဖော်ထုတ်ပြီး နိုင်ငံ့ဘဏ္ဍာငွေ တစ်ကျပ်တစ်ပြားမကျန် အထိရောက်ဆုံး ဦးတည်သုံးစွဲနိုင်မည့် အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ ကော်မရှင်ဖွဲ့စည်းရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးရန်ကျန်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခြင်းအစီအစဉ်ကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပမည့် ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ၂၄ ရက်မြောက်နေ့ကို ဇူလိုင် ၁၆ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ပြည်သူ့လွှတ်တော် ရုပ်သံဖိုင် ကြည့်ရှုရန် -**

# အိန္ဒိယနိုင်ငံ၏ ဝါစိုက်ပျိုးရေးအကြောင်း တစေ့တစောင်း

ကိုပြည်

**ဝါသည် ကမ္ဘာမြေပေါ်တွင် ပိုမိုကောင်းမွန်စွာ စိုက်ပျိုးနိုင်ရန် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းဆီသို့ ပို့ဆောင်လေ့လာခံရသည့် အုံ့မခန်းအပင် တစ်မျိုးဖြစ်သည်။ ပေါင် ၅၀၀ ရှိသော ဝါဂွမ်းတစ်ထုပ်မှ ဂျင်း ဘောင်းဘီ၊ အိပ်ရာခင်း၊ ရှပ်အင်္ကျီနှင့် ကလေးသုံးအနှီး စသည့်လူသုံးကုန်ပစ္စည်းပေါင်းများစွာကို ထုတ်လုပ်နိုင်စွမ်းရှိသည်။**

ထိုအပင်သည် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀၀ ကျော်ကတည်းက သမိုင်းကြောင်းကို ပုံဖော်ပေးခဲ့ပြီး ဘီစီ ၅၀၀၀ ဝန်းကျင် အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုခေတ်တွင် ဝါဂွမ်းအထည်အလိပ်များကို စတင်ထုတ်လုပ်ခဲ့ကြသည်။

အိန္ဒိယနိုင်ငံ၏ ယဉ်ကျေးမှုနှင့် စီးပွားရေးတွင် နက်ရှိုင်းစွာ ယှက်နွယ်နေသော ဝါသည် ဒေသထွက်ကုန်များကို အားပေးသည့် လှုပ်ရှားမှုများကိုပင် ဖြစ်ပေါ်စေခဲ့သည်။ ယင်းသည် လိုက်ကာများမှသည် ဟင်းချက်ဆီနှင့် အလှကုန်များအထိ နေ့စဉ်လူနေမှုဘဝကို မြှင့်တင်ပေးသော ဘက်စုံသုံးအမျှင်တစ်မျိုးဖြစ်လာသည်။ အိန္ဒိယနိုင်ငံ၏ ဝါသီးနှံစိုက်ပျိုးရေးသည် နေရာဒေသများစွာတွင် ပြန့်ကျဲနေပြီး ထူးခြားသော ရှုခင်းများကို ဖန်တီးပေးထားသည်။ ကွဲပြားခြားနားသော ပုံသဏ္ဌာန်နှင့် အရောင်အသွေးများရှိသည့်ဝါများကို နေရာဒေသအလိုက် အံဝင်ခွင်ကျဖြစ်အောင် စိုက်ပျိုးထုတ်လုပ်နေကြသည်။ ဤသည်မှာ ဝါ၏ ရှေးဟောင်းအမြစ်တွယ်မှုမှသည် ခေတ်သစ်စိုက်ပျိုးရေးဆီသို့ ကူးပြောင်းလာသောအဖိုးတန်ခရီးစဉ်တစ်ခုပင် ဖြစ်ပါသည်။

အိန္ဒိယနိုင်ငံရှိ ဒေသတစ်ခုစီတိုင်းသည် ဝါသီးနှံစိုက်ပျိုးရာတွင် မိမိတို့၏ ကိုယ်ပိုင်ထူးခြားချက်များကို ဖော်ဆောင်ပေးလျက်ရှိသည်။ အကြီးဆုံးထုတ်လုပ်သူဖြစ်သော ဂူဂျာရတ်ဒေသသည် ရှည်လျားသောအမျှင်ရှိသည့် ဝါဂွမ်းများကြောင့် နာမည်ကြီးပြီး ရာဂျပ်စသန်ဒေသမှ မျိုးကွဲများသည် မိုးခေါင်ရေရှားဒဏ်ကို ခံနိုင်ရည်ရှိကြသည်။

အမေရိကန်ဝါသီးနှံမျိုးဖြစ်သော ဂိုစီပီယမ်ဟာဆူတမ် (Gossypium hirsutum)က ကြီးစိုးထားသော်လည်း ခြောက်သွေ့သောအခြေအနေနှင့် ကိုက်ညီသည့် ဌာနေမျိုးစိတ်များကိုလည်း စိုက်ပျိုးကြသည်။ ထိုဌာနေမျိုးစိတ်များကို ဒေစီဝါဂွမ်းဟု လူသိများပြီး အလွန်ရှည်လျားသောအမျှင်ရှိသည့် ဂိုစီပီယမ်ဘာဘဒင့်စ် မျိုးစိတ်များကိုလည်း တန်ဖိုးထားစိုက်ပျိုးကြသည်။ ဝါပင်များသည် သိပ်မပူလွန်း၊ သိပ်မအေးလွန်းသော အပူချိန် နှစ်ဆယ့်တစ်ဒီဂရီမှ သုံးဆယ်ဒီဂရီစင်တီဂရိတ်အတွင်း အကောင်းဆုံး ရှင်သန်နိုင်ကြသည်။

နေရောင်ခြည်အလုံအလောက်ရရှိရန် လိုအပ်ပြီး နှစ်စဉ်မိုးရေချိန် မီလီမီတာ ၅၀၀ မှ ၁၅၀၀ အတွင်းရှိရန်လည်း လိုအပ်သည်။ စိုက်ပျိုးမည့်မြေဆီလွှာသည် ရေဆင်းကောင်း၍ နက်ရှိုင်းရမည့်အပြင် အနည်းငယ်အက်စစ်ဓာတ်ရှိသော အခြေအနေမှ ကြားနေအခြေအနေအထိ ရှိရပါမည်။ ဤလိုအပ်ချက်များကို နားလည်ထားခြင်းသည် တောင်သူများအတွက် အပူချိန်၊ နေရောင်ခြည်နှင့် အစိုဓာတ်တို့ကို ဟန်ချက်ညီညီထိန်းကျောင်းနိုင်မည့် အောင်မြင်မှုလမ်းစတစ်ခု ဖြစ်သည်။

ဝါစိုက်ပျိုးခြင်း လုပ်ငန်းစဉ်သည် မြေဆီလွှာကို ညီညာအောင်နှင့် ရေဆင်းကောင်းအောင် ပြင်ဆင်သည့်အဆင့်မှ စတင်ရပါသည်။ ထို့နောက် ဒေသနှင့် ကိုက်ညီပြီး တောင်သူများ၏ ရည်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည့်အရည်အသွေးမြင့် မျိုးစေ့များကို ရွေးချယ်ကြရသည်။ မုတ်သုံရာသီအစတွင် မျိုးစေ့များကို လယ်ကွင်းထဲ၌ တိုက်ရိုက်ကြဲပက်စိုက်ပျိုးကြပြီး ပိုးမွှားနှင့်ရောဂါဘေးမှ ကာကွယ်ရန် မှိုသတ်ဆေးများ၊ ပိုးသတ်ဆေးများဖြင့် ကုသပေးလေ့ရှိသည်။ ခေတ်မီတောင်သူများသည် မျိုးစေ့များကို အကောင်းဆုံးအနက်နှင့် အကွာအဝေးတွင် စိုက်ပျိုးနိုင်ရန် ဂျီပီအက်စ် (GPS) နည်းပညာကို အသုံးပြုလာကြသည်။

> ❖ **နေရောင်ခြည်အလုံအလောက်ရရှိရန် လိုအပ်ပြီး နှစ်စဉ်မိုးရေချိန် မီလီမီတာ ၅၀၀ မှ ၁၅၀၀ အတွင်းရှိရန်လည်း လိုအပ်သည်။ စိုက်ပျိုးမည့်မြေဆီလွှာသည် ရေဆင်းကောင်း၍ နက်ရှိုင်းရမည့်အပြင် အနည်းငယ်အက်စစ်ဓာတ်ရှိသော အခြေအနေမှ ကြားနေအခြေအနေအထိ ရှိရပါမည်။ ဤလိုအပ်ချက်များကို နားလည်ထားခြင်းသည် တောင်သူများအတွက် အပူချိန်၊ နေရောင်ခြည်နှင့် အစိုဓာတ်တို့ကို ဟန်ချက်ညီညီ ထိန်းကျောင်းနိုင်မည့် အောင်မြင်မှုလမ်းစတစ်ခုဖြစ်**
>
> ❖ **ခေတ်သစ်စိုက်ပျိုးရေးတွင် ဝါခင်းများ၏ ပုံရိပ်များကို ဖမ်းယူရန်နှင့် သီးနှံကျန်းမာရေးကို စောင့်ကြည့်ရန် ဂြိုဟ်တုနည်းပညာများကို အသုံးပြုလာကြသည်။ ဤစနစ်သည် တောင်သူများကို အာကာသထဲမှနေ၍ သူတို့၏ သီးနှံအခြေအနေကို မြင်တွေ့နိုင်စေပြီး အချိန်နှင့်တစ်ပြေးညီ ဒေတာများက ပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့် အပင်ကျန်းမာရေးကို အလွယ်တကူစောင့်ကြည့်နိုင်ပြီး ဖြစ်နိုင်ခြေရှိသော ပြဿနာများကို စောစီးစွာ ဖော်ထုတ်နိုင်စွမ်းရှိလာ**

မျိုးစေ့များကို မှန်ကန်သောအနက်တွင် တစ်ပြေးညီချထားပေးနိုင်သည့် မျိုးစေ့ချစက်များကိုလည်း ပိုမိုအသုံးပြုလာကြပါသည်။ အပင်များ အညှောက်ပေါက်လာချိန်တွင် အာဟာရဓာတ်နှင့် နေရောင်ခြည်အတွက် ပြိုင်ဆိုင်မှုကို တားဆီးရန် ပေါင်းသင်ပေးခြင်းသည် နောက်ဆုံးတွင် ဝါသီးများ ပိုမိုဖြစ်ပေါ်လာစေရန် အပင်များကို ထိပ်ဖြတ်ခြင်းနှင့် ကိုင်းဖြတ်ခြင်းများကိုပါ ဂရုတစိုက်လုပ်ဆောင်ပေးကြရပါသည်။

တောင်သူအချို့သည် မြေယာအသုံးပြုမှုကို အမြင့်ဆုံးဖြစ်စေရန်အတွက် ဝါနှင့်အတူ ပဲမျိုးစုံ သို့မဟုတ် ပဲပင်များကို သီးညှပ်အဖြစ် ယှဉ်တွဲစိုက်ပျိုးကြပါသည်။ ဤနည်းလမ်းသည် ဝင်ငွေကို မျိုးစုံဖြစ်စေရုံသာမက အာဟာရဓာတ်များ ပေါင်းထည့်ပေးပြီး ပိုးမွှားသံသရာကို ဖြတ်တောက်ပေးခြင်းဖြင့် မြေဆီလွှာကျန်းမာရေးကို များစွာအကျိုးပြုပါသည်။ ဤစီမံခန့်ခွဲမှု အလေ့အကျင့် အားလုံးသည် ဂရုတစိုက်စောင့်ကြည့်စစ်ဆေးမှုများနှင့် အချိန်မီကြားဝင်ဆောင်ရွက်မှုများကို အမြဲတမ်းလိုအပ်လျက်ရှိသည်။

ခေတ်သစ်စိုက်ပျိုးရေးတွင် ဝါခင်းများ၏ ပုံရိပ်များကို ဖမ်းယူရန်နှင့်သီးနှံကျန်းမာရေးကို စောင့်ကြည့်ရန် ဂြိုဟ်တုနည်းပညာများကို အသုံးပြုလာကြသည်။ ဤစနစ်သည် တောင်သူများကို အာကာသထဲမှနေ၍ သူတို့၏သီးနှံအခြေအနေကို မြင်တွေ့နိုင်စေပြီး အချိန်နှင့်တစ်ပြေးညီ ဒေတာများကို ပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့် အပင်ကျန်းမာရေးကို အလွယ်တကူစောင့်ကြည့်နိုင်ပြီး ဖြစ်နိုင်ခြေရှိသော ပြဿနာများကို စောစီးစွာ ဖော်ထုတ်နိုင်စွမ်းရှိလာပါသည်။

ယင်းအချက်အလက်များကို အခြေခံ၍ ဆည်မြောင်းစနစ်များ၊ မြေဩဇာကျွေးခြင်းနှင့် ပိုးမွှားထိန်းချုပ်ခြင်းတို့အတွက် အသိပေးဆုံးဖြတ်ချက်များကို ချမှတ်နိုင်သည်။ ဤသည်မှာ လယ်ယာတစ်ခုလုံးကို ငှက်တစ်ကောင်၏အမြင်ဖြင့် ကြည့်ရှုစစ်ဆေးပြီး လက်ချောင်းထိပ်များဖြင့် စီမံခန့်ခွဲနိုင်သော ခေတ်မီစနစ်တစ်ခုပင် ဖြစ်ပါသည်။

အကောင်းဆုံးဂရုစိုက်မှုများ ပေးထားသော်လည်း ဝါသီးနှံများသည် အဖျက်ပိုးမွှားများနှင့်ရောဂါများ၏အန္တရာယ်ကို အလွယ်တကူ ကျရောက်နိုင်ခြေရှိနေပါသည်။ ဝါသီးထိုးပိုး၊ ယင်ဖြူ၊ ပျပိုး၊ လှေးပိုးနှင့် ပျဖြူ စသည့်အင်းဆက်ပိုးမွှားများသည် သိသာထင်ရှားသော ပျက်စီးဆုံးရှုံးမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့အပြင် ဗက်တီးရီးယားညှိုးရောဂါ၊ ဖျူဆေရီယမ်ညှိုးရောဂါနှင့် အမြစ်ပုပ်ရောဂါတို့ကလည်း အထွက်နှုန်းကို များစွာလျော့ကျစေနိုင်ပါသည်။

ဤသေးငယ်သော အဖျက်အန္တရာယ်များကို ဖြေရှင်းရန်အတွက် ဘက်စုံပိုးမွှားစီမံခန့်ခွဲမှုစနစ်ကို ပိုမိုရေရှည်တည်တံ့သော ချဉ်းကပ်မှုတစ်ခုအဖြစ် ကျင့်သုံးလာကြသည်။ ယင်းစနစ်တွင် ပိုးမွှားဒဏ်ခံနိုင်ရည်ရှိသောမျိုးကွဲများ ရွေးချယ်ခြင်း၊ ဇီဝထိန်းချုပ်မှုနည်းလမ်းများနှင့် သီးနှံအလှည့်ကျစိုက်ပျိုးခြင်းတို့ကို ပေါင်းစပ်အသုံးပြုထားပါသည်။ ဓာတုပိုးသတ်ဆေးများကို လုံးဝလိုအပ်သည့်အချိန်မှသာ ဂရုတစိုက်သုံးစွဲခြင်းသည်လည်း ဤစနစ်၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။

ခေတ်မီဉာဏ်ရည်တု အကြံပေးစနစ်များသည် လယ်ကွင်းများမှ ဒေတာများကို ခွဲခြမ်းစိတ်ဖြာပြီး ပိုးမွှားကျရောက်မှု အစောပိုင်းလက္ခဏာများကို ထောက်လှမ်းပေးနိုင်ပါသည်။ ဤကဲ့သို့ စောစီးစွာ သတိပေးသည့်စနစ်များသည် ပြဿနာများ ပြန့်ပွားလာခြင်းကို တားဆီးပေးပြီး သီးနှံဆုံးရှုံးမှုများကို အနည်းဆုံးဖြစ်အောင် ကူညီပေးပါသည်။

ဝါသည် ရေငတ်သောသီးနှံတစ်ခုဖြစ်ပြီး သဘာဝမိုးရေကို အားထားစိုက်ပျိုးမှုများရှိသကဲ့သို့ သဘာဝရေအရင်းအမြစ်များကို ဖြည့်စွက်ရန် ဆည်မြောင်းများကိုလည်း လိုအပ်သည်။ အပင်၏ ကြီးထွားမှုအဆင့်၊ မြေဆီလွှာအမျိုးအစားနှင့် ရာသီဥတုအပေါ် မူတည်၍ ရေလိုအပ်ချက်ပမာဏသည် အမြဲတမ်းပြောင်းလဲနေတတ်ပါသည်။ မျိုးစေ့များ အညှောင့်ပေါက်လာချိန်တွင် မကြာခဏအနည်းငယ်မျှသော ရေပေးဝေမှုကို လိုအပ်ပြီး ပင်ပိုင်းဆိုင်ရာ ကြီးထွားမှုအဆင့်တွင် ရေအသင့်အတင့်လိုအပ်ပါသည်။

ပန်းစပွင့်လာပြီး ဝါသီးလေးများ စတင်ဖွံ့ဖြိုးလာချိန်တွင် ရေလိုအပ်ချက် မြင့်တက်လာပြီး ဝါသီးများရင့်မှည့်ချိန်တွင် ရေပေးဝေမှုကို လျှော့ချရသည်။

ရေစက်ချဆည်မြောင်းနှင့် ရေဖျန်းစနစ်များသည် ရေကို အပင်၏အမြစ်များဆီသို့ တိုက်ရိုက်ပို့ဆောင်ပေးသဖြင့် အငွေ့ပျံခြင်းကို အနည်းဆုံးဖြစ်စေပါသည်။ ခေတ်မီဂြိုဟ်တု အခြေပြုမြေဆီလွှာအစိုဓာတ် စောင့်ကြည့်စစ်ဆေးမှုများက တောင်သူများကို ရေပေးဝေမှု အချိန်ဇယားများ တိတိကျကျ ချိန်ညှိနိုင်ရန် ကူညီပေးပါသည်။ ထိုစနစ်သည် မြေကြီးထဲတွင် ရေမည်မျှရှိသည်ကို အတိအကျသိရှိစေပြီး ရေလွန်ကဲခြင်း သို့မဟုတ် ရေမလုံလောက်ခြင်းကို ရှောင်ရှားနိုင်စေပါသည်။ ထို့ကြောင့် ဝါပင်များသည် ကြီးထွားမှုအဆင့်တစ်ခုစီတိုင်းတွင် မှန်ကန်သောရေပမာဏကိုသာ တိကျစွာ ရရှိနိုင်မည်ဖြစ်သည်။

ဝါပင်များ သန်စွမ်းကျန်းမာစွာ ကြီးထွားရန်အတွက် မရှိမဖြစ်လိုအပ်သော အဓိက အာဟာရဓာတ်သုံးခုမှာ နိုက်ထရိုဂျင်၊ ဖော့စဖရပ်စ်နှင့် ပိုတက်စီယမ်တို့ ဖြစ်ကြပါသည်။ နိုက်ထရိုဂျင်သည် အရွက်များကြီးထွားရန်အတွက် အရေးကြီးပြီး ဖော့စဖရပ်စ်သည် အမြစ်ဖွံ့ဖြိုးမှုနှင့် အစောပိုင်းကြီးထွားမှုအတွက် မရှိမဖြစ်လိုအပ်သည်။ ပိုတက်စီယမ်သည် ရောဂါဒဏ်ခံနိုင်ရည်၊ အမျှင်အရည်အသွေးနှင့် ဖိစီးမှုဒဏ်ခံနိုင်ရည်တို့အတွက် အထူးပင်အရေးကြီးသော အာဟာရဓာတ်ဖြစ်သည်။

တောင်သူများသည် မြေဆီလွှာစမ်းသပ်ခြင်းကို ပြုလုပ်၍ မြေဆီလွှာတွင်ပါဝင်သော အာဟာရဓာတ်ကို ဆုံးဖြတ်ကာ ချို့တဲ့မှုများကို ဖော်ထုတ်ကြပါသည်။ ထိုအချက်အလက်များကို အခြေခံ၍ သီးနှံများနှင့် မြေဆီလွှာအမျိုးအစား၏ သီးခြားလိုအပ်ချက်များနှင့် အံကိုက်ဖြစ်စေမည့် မြေဩဇာကျွေးခြင်းအစီအစဉ်ကို ဖန်တီးကြသည်။ အော်ဂဲနစ်ဝါစိုက်ပျိုးရေးတွင် ဓာတုမြေဩဇာများအစား မြေဆွေးနှင့် တိရစ္ဆာန်ချေးကဲ့သို့သော သဘာဝမြေဩဇာများကို အဓိကထားအသုံးပြုကြသည်။

ဤသို့ သဘာဝတရားနှင့်အညီ စိုက်ပျိုးခြင်းသည် မြေဆီလွှာကျန်းမာရေးကို မြှင့်တင်ပေးပြီး ဓာတုဓာတ်ကြွင်းများကို အနည်းဆုံးဖြစ်စေရန် ကူညီပေးပါသည်။ ဂြိုဟ်တုဒေတာနှင့် မြေဆီလွှာခွဲခြမ်းစိတ်ဖြာမှုများမှတစ်ဆင့် မှန်ကန်သောအာဟာရဓာတ်ကို မှန်ကန်သောအချိန်တွင် ထည့်သွင်းပေးနိုင်သည့်စနစ်များကိုလည်း အသုံးပြုနေကြပြီဖြစ်သည်။

အသိပညာနှင့် နည်းပညာများ တိုးတက်နေသော်လည်း ဝါခူးဆွတ်ခြင်းလုပ်ငန်းစဉ်သည် အိန္ဒိယနိုင်ငံတွင်လူအင်အားကိုသာ အဓိကအားထားနေရဆဲဖြစ်ပါသည်။ ခူးဆွတ်ရန် အကောင်းဆုံးအချိန်သည် ဝါအမျိုးအစားအပေါ် မူတည်ပြီး ပုံမှန်အားဖြင့် စိုက်ပျိုးပြီးနောက် ရက်ပေါင်း ၁၅၀ မှ ၁၈၀ အတွင်း ဖြစ်သည်။ လူအင်အားဖြင့် ရွေးချယ်ခူးဆွတ်ခြင်းသည် အပြည့်အဝပွင့်နေပြီး ရင့်မှည့်နေသော ဝါသီးများကိုသာ သေချာစွာခူးဆွတ်နိုင်စွမ်း ရှိစေသည်။ ယင်းနည်းလမ်းသည် အမျှင်အရည်အသွေးကို ထိန်းသိမ်းပေးပြီး အရွက်များနှင့် အခြားအပင်အကြွင်းအကျန်များ ရောနှောပါဝင်မှုကို အနည်းဆုံးဖြစ်စေသည်။

ဝါသီးများသည် အချိန်တစ်ပြေးညီ ရင့်မှည့်လေ့မရှိသောကြောင့် အကြိမ်ကြိမ်ခူးဆွတ်ရသည့် လုပ်ငန်းစဉ်တွင် လူအင်အားဖြင့် လုပ်ဆောင်ခြင်းက ပိုမိုလွယ်ကူစေပါသည်။ စက်ယန္တရားများ အသုံးပြုရာတွင် ကနဦးရင်းနှီးမြှုပ်နှံမှု မြင့်မားခြင်းနှင့် လယ်ကွင်းများ သေးငယ်ပြီးပုံသဏ္ဌာန် မမှန်ခြင်းတို့ကြောင့်

*စာမျက်နှာ ၇ သို့*

# အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကျင်းပ



နေပြည်တော် ဇူလိုင် ၁၅

အမျိုးသားလွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၆)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်ရေးရာဆောင်အမှတ် (I-20) အစည်းအဝေးခန်းမ၌ ကျင်းပသည်။(ဓါတ်ပုံ)

ဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးလှသိန်းက အဖွင့်အမှာစကားပြောကြားပြီး တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအတွင်း တင်သွင်းမေးမြန်းခဲ့သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများအား မေးမြန်းဆွေးနွေး အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့မှုအပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပြန်လည်ရှင်းလင်းတင်ပြချက်များကို ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌနှင့် အတူကော်မတီဝင်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှတာဝန်ရှိသူများနှင့် ကော်မတီရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၏ (၄၈)နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားကျင်းပ

နေပြည်တော် ဇူလိုင် ၁၅





ဗဟိုပို့ဆောင် ဆက်သွယ်ရေးကျောင်း၏ (၄၈) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့တွင် မိတ္ထီလာမြို့ အောင်ဆန်းခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဝန်ထမ်းများအား နှစ်ပတ်လည်နေ့ အထိမ်းအမှတ် ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက တစ်နှစ်ပတ်လုံး ခွင့်မယူပြစ်မှုကင်းရှင်းဆု၊ ဌာနခွဲအကောင်းဆုံးဆု၊ တစ်ဦးချင်း လုပ်ငန်းစွမ်းဆောင်ရည်ဆုနှင့် G-12 အောင်မြင်သူများနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကျောင်းတွင် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ၊ မော်တော်ယာဉ် သရုပ်ပြဆောင်၊ ရထားသရုပ်ပြဆောင်ရှိ သင်ထောက်ကူပစ္စည်းများ စစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စေတုတ္တရာ၌ ဆိုလာရေပေးဝေရေးများဆောင်ရွက်ပြီးစီး

**စေတုတ္တရာ ဇူလိုင် ၁၅**

စေတုတ္တရာမြို့နယ် သရန်ကိုင်းကျေးရွာ၌ မြစိမ်းရောင်(ငါးကဏ္ဍ)မှ ကျေးရွာအတွင်း ဆိုလာစနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းပြီးစီး၍ စာရွက်စာတမ်းများ လွှဲပြောင်းပေးခြင်းကို ယမန်နေ့က ပြုလုပ်ရာ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး(ယာယီ) ဒေါ်စပယ်လှိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မြစိမ်းရောင် (ငါးကဏ္ဍ) ကော်မတီအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ အဆိုပါ လုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် စီမံကိန်းအတိုးရငွေကျပ် ၁၇၅ သိန်းဖြင့် ကျေးရွာအတွင်း သောက်သုံးရေဖူလုံစွာရရှိရေး ဇွန် ၂၂ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၄ ရက်တွင် လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့သည်။ **သတင်းစဉ်**



## သစ်တောတွေထိန်း၊ တောတွေစိမ်းမှ၊ ငြိမ်းချမ်းပြည်ရွာ၊ နိုင်ငံသာ၏။

*စာမျက်နှာ ၆ မှ*

အခက်အခဲများစွာ ရှိနေပါသည်။ သို့သော်လည်း ဂြိုဟ်တုပုံရိပ်ဖမ်းယူမှု နည်းပညာများသည် ဝါသီးများ၏ ရင့်မှည့်မှုကို ခွဲခြမ်းစိတ်ဖြာပြီး အကောင်းဆုံးခူးဆွတ်ရမည့်အချိန်ကို ဆုံးဖြတ်ပေးနိုင်ပါသည်။ ဉာဏ်ရည်တုနည်းပညာများသည် ဝါအထွက်နှုန်းကို ကြိုတင်ခန့်မှန်းပေးနိုင်သဖြင့် တောင်သူများအနေဖြင့် ဈေးကွက်တင်ရောင်းချမှုကို ပိုမိုထိရောက်စွာ စီစဉ်နိုင်မည်ဖြစ်ပါသည်။

ခူးဆွတ်ပြီးသော ဝါများကို လိုအပ်ပါက အခြောက်ခံခြင်းနှင့် အညစ်အကြေးများ ဖယ်ရှားရန် ကနဦးသန့်စင်မှုလုပ်ငန်းစဉ်များကို ဖြတ်သန်းရပါသည်။ ထို့နောက် ဂျင်စက်လုပ်ငန်းစဉ်ကို စတင်ရန်အတွက် ယင်းဝါများကို သန့်ရှင်းခြောက်သွေ့သောနေရာများတွင် ခေတ္တသိုလှောင်ထားကြရပါသည်။ ဂျင်စက်လုပ်ငန်းစဉ်ဆိုသည်မှာ ကုန်ကြမ်းဖြစ်သော ဝါဂွမ်းစကြမ်းများကို အသုံးပြု၍ရသည့် အရာတစ်ခုဖြစ်လာစေရန် နူးညံ့သောအမျှင်များနှင့် ဝါစေ့များကို ခွဲထုတ်ခြင်းဖြစ်ပါသည်။ ခေတ်မီဂျင်စက်များသည် အပျက်အစီးအနည်းဆုံးဖြစ်အောင် အမျှင်များကို ဝါစေ့များမှ ခွဲထုတ်ပေးပြီး အဆင့်မြင့်စစ်ထုတ်ခြင်းစနစ်များလည်း ပါဝင်ပါသည်။

ခွဲထုတ်ပြီးသော အမျှင်များကို ကျန်ရှိနေသည့် အညစ်အကြေးများနှင့် အမျှင်တိုများ ဖယ်ရှားရန် နောက်ထပ်သန့်စင်မှု လုပ်ငန်းစဉ်တစ်ခု ထပ်မံလုပ်ဆောင်ရသည်။ ထိုအမျှင်များကို သိုလှောင်ရန် သို့မဟုတ် သယ်ယူပို့ဆောင်ရန်အတွက် ထောင့်မှန်စတုဂံပုံစံဝါထုပ်ကြီးများအဖြစ် တင်းကျပ်စွာ ဖိသိပ်ထုပ်ပိုးလိုက်ပါသည်။ ဂျင်စက်ဖြင့် ခွဲထုတ်ပြီးနောက် ဝါစေ့ပေါ်တွင် ကျန်ရစ်ခဲ့သောအမျှင်တိုလေးများကို စက္ကူ၊ ပတ်တီး၊ ငွေစက္ကူနှင့် ဓာတ်မှန်ဖလင်များ ပြုလုပ်ရာတွင် အသုံးပြုပါသည်။ ဝါစေ့များကိုလည်း ဟင်းချက်ဆီနှင့် တိရစ္ဆာန်အစာထုတ်လုပ်ရန် ပါဝင်ပစ္စည်းအဖြစ် အသုံးပြုကြသဖြင့် မည်သည့်အရာမျှ အလေအလွင့်မဖြစ်စေပါ။

ထုပ်ပိုးထားသော ဝါထုပ်ကြီးများကို အစိုဓာတ်စုပ်ယူလာမှုနှင့် အမျှင်များပျက်စီးမှုကို တားဆီးရန် သင့်လျော်သောအပူချိန်ဖြင့် ထိန်းချုပ်သိုလှောင်ရပါမည်။ သိုလှောင်ရုံများသည် ခြောက်သွေ့နေရန်၊ လေဝင်လေထွက်ကောင်းမွန်ရန်နှင့် ပိုးမွှားများရန်မှ ကာကွယ်ထားရန် လွန်စွာအရေးကြီးသည်။ ခေတ်မီနည်းပညာဖြင့် ဝါများကို လယ်ကွင်းမှစ၍ ထုတ်လုပ်မှုနှင့် သိုလှောင်မှုအဆင့်ဆင့် တစ်လျှောက်လုံး ဘလောက်ချိန်းစနစ်ဖြင့် ခြေရာခံစစ်ဆေးနိုင်ပါသည်။

ဤစနစ်သည် ထောက်ပံ့ရေးကွင်းဆက်တစ်ခုလုံး၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုကို သေချာစေပြီး ဝါထုပ်တစ်ထုပ်စီတိုင်းကို ဒီဂျစ်တယ်နိုင်ငံကူးလက်မှတ်ပေးအပ်ထားသကဲ့သို့ ဖြစ်ပါသည်။ တောင်သူများသည် သူတို့၏ ဝါများကို ကုန်သည်များသို့မဟုတ် ချည်ငင်စက်ရုံများထံ တိုက်ရိုက်ရောင်းချခြင်း သို့မဟုတ် သမဝါယမအသင်းများမှတစ်ဆင့် ရောင်းချခြင်းများကို ပြုလုပ်နိုင်ပါသည်။

သမဝါယမအသင်းများက စုပေါင်းစေ့စပ်ညှိနှိုင်းနိုင်စွမ်းကို ပေးစွမ်းနိုင်ပြီး အစိုးရကလည်း တောင်သူများအား သင့်တင့်သည့်ဈေးနှုန်းရရှိစေရန် အနိမ့်ဆုံးအာမခံဈေးနှုန်း သတ်မှတ်ပေးထားပါသည်။ တောင်သူများ အကောင်းဆုံးဈေးနှုန်းရရှိရန် မည်သည့်အချိန်တွင် ရောင်းချရမည်ကို အသိပေးဆုံးဖြတ်ချက်ချနိုင်ရန် ဈေးကွက်ဆိုင်ရာ အချက်အလက်များနှင့် ဈေးနှုန်းခန့်မှန်းချက် ကိရိယာများကိုလည်း အသုံးပြုကြပါသည်။ အိန္ဒိယဝါဂွမ်းအမြောက်အမြားကို ကမ္ဘာလုံးဆိုင်ရာ ကုန်စည်အဖြစ် တရုတ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ဗီယက်နမ်နိုင်ငံတို့သို့ အများဆုံးတင်ပို့လျက်ရှိပါသည်။

ဝါစိုက်ပျိုးရေးကဏ္ဍသည် ကြီးမားသော အောင်မြင်မှုများရှိနေသော်လည်း တောင်သူများအနေဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ဖြေရှင်းနေရဆဲဖြစ်ပါသည်။ ခန့်မှန်းရခက်သော ရာသီဥတုပုံစံများ၊ မိုးခေါင်ရေရှားမှုများ၊ အပူလှိုင်းများနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုများက ဝါထုတ်လုပ်မှု၏ တည်ငြိမ်မှုကို ကြီးစွာခြိမ်းခြောက်နေသည်။ ထို့အပြင် ပိုးမွှားများ ဆေးယဉ်ပါးလာမှုသည်လည်း ကြီးထွားလာနေသော ပြဿနာတစ်ခုဖြစ်ပြီး တောင်သူများကို ပိုးသတ်ဆေးများ ပိုမိုသုံးစွဲလာစေရန် ဖိအားပေးလျက်ရှိပါသည်။

ဓာတုမြေသြဇာများနှင့် ပိုးသတ်ဆေးများကို ပြင်းထန်စွာအသုံးပြုခြင်းသည် အချိန်ကြာလာသည်နှင့်အမျှ မြေဆီလွှာကို ပျက်စီးစေပြီး အာဟာရဓာတ်များ ခန်းခြောက်သွားစေသည်။ ဝါစိုက်ပျိုးသော ဒေသအများအပြားတွင် မိုးခေါင်မှုများ မကြာခဏဖြစ်ပေါ်လာပြီး မြေအောက်ရေမျက်နှာပြင် ကျဆင်းလာသဖြင့် ရေရှားပါးမှုပြဿနာများကိုပါ ရင်ဆိုင်နေရပါသည်။ ပိုလီအက်စတာနှင့် နိုင်လွန်ကဲ့သို့သော ဓာတုအမျှင်များ၏ ယှဉ်ပြိုင်မှုသည်လည်း ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာခြင်းကြောင့် ဝါအတွက် ခက်ခဲသောဈေးကွက်တစ်ခု ဖြစ်လာစေသည်။

ဈေးကွက်မတည်ငြိမ်မှုနှင့် အတက်အကျဖြစ်နေသောဈေးနှုန်းများသည် တောင်သူများအတွက် ဝင်ငွေခန့်မှန်းရန်နှင့် အနာဂတ်အတွက် စီစဉ်ရန် အခက်အခဲများစွာ ဖြစ်ပေါ်စေပါသည်။ ဤသို့သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ ဖိအားများသည် အသက်မွေးဝမ်းကျောင်းပြုရန် ကြိုးစားနေသော တောင်သူများအတွက် နေ့စဉ်နှင့်အမျှ ရုန်းကန်နေရသောအခက်အခဲများ ဖြစ်ပါသည်။

စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် သိပ္ပံပညာရှင်များက မိုးခေါင်ရေရှားဒဏ်နှင့်အပူဒဏ်ကို ခံနိုင်ရည်ရှိသော ရာသီဥတုနှင့်ကိုက်ညီသည့် ဝါမျိုးကွဲသစ်များကို တီထွင်နေကြပါသည်။ တောင်သူများအတွက် ပြောင်းလဲနေသော ရာသီဥတုပုံစံများနှင့်လိုက်လျောညီထွေဖြစ်စေရန် အချိန်နှင့်တစ်ပြေးညီ အချက်အလက်များ ပေးစွမ်းနိုင်သော ရာသီဥတုအကြံပေးဝန်ဆောင်မှုများကိုလည်း အသုံးပြုလာကြပါသည်။ ပိုးမွှားများကို နှိမ်နင်းရာတွင် ဓာတုပစ္စည်းများအစား သဘာဝဒြပ်ပေါင်းများကို အခြေခံထားသော ဇီဝပိုးသတ်ဆေးများကို တီထွင်အသုံးပြုရန် ကြိုးပမ်းနေကြပါသည်။

မြေဆီလွှာအစိုဓာတ်ကို ထိန်းသိမ်းရန်၊ မြေဆီလွှာတိုက်စားမှုကို လျှော့ချရန်နှင့် မြေဆီလွှာကျန်းမာရေးကို တိုးတက်စေရန် မြေဆီလွှာထိန်းသိမ်းရေးထွန်ယက်ခြင်းနည်းစနစ်များကို ကျင့်သုံးလာကြပါသည်။ စားသုံးသူများကလည်း ပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများကို ပိုမိုသတိပြုမိလာကာ သဘာဝအတိုင်း ဆွေးမြည့်ပျက်စီးနိုင်ပြီး ကျင့်ဝတ်နှင့်အညီ ထုတ်လုပ်ထားသော အော်ဂဲနစ်ဝါများကို ရွေးချယ်လာကြသည်။ ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် စီးပွားရေးအရ စွမ်းဆောင်ရည်မြှင့်တင်မှုတို့ ပေါင်းစပ်ထားသောစနစ်များသည် လယ်ယာကဏ္ဍ၏ အနာဂတ်ကို ပိုမိုလှပလာစေမည် ဖြစ်သည်။ ။

# အဆင့်မြင့်ပညာကဏ္ဍ သင်ကြား၊ သင်ယူမှုစနစ် သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေးအလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

အဆင့်မြင့်ပညာကဏ္ဍ သင်ကြား၊ သင်ယူမှုစနစ် သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy ပင်မဆောင်ရှိ ဘက်စုံသုံးခန်းမ၌ ဆက်လက်ကျင်းပသည်။

ဦးစွာ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ဆွေးနွေးပွဲရလဒ်များကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြတ်အောင်က "အဝေးသင်ပညာရေးစနစ်" ဆွေးနွေးပွဲရလဒ်ကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာပြည်စိုးသိမ်းက "ဒီဂျစ်တယ်ပညာရေးစနစ်" ဆွေးနွေးပွဲရလဒ်ကိုလည်းကောင်း၊ ရန်ကုန် နိုင်ငံခြားဘာသာ တက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာကြည်ရွှင်က "အရည်အသွေးအာမခံမှုစနစ်" ဆွေးနွေးပွဲရလဒ်ကိုလည်းကောင်း၊ ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးဖြူဇင်က "ဆရာအတတ်ပညာ အရည်အသွေး တိုးတက်စေရေး" ဆွေးနွေးပွဲရလဒ်ကိုလည်းကောင်း ရှင်းလင်း တင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဒေါက်တာ ချောချောစိန်က အလုပ်ရုံဆွေးနွေးပွဲရလဒ်များ ဆက်လက် ဆောင်ရွက်ရမည့် မှာကြားပြီး နိဂုံးချုပ် အမှာစကားပေါ် အခြေပြု၍ ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကို ဖြည့်စွက် ပြောကြားသည်။ **သတင်းစဉ်**






# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ရေဘေးကာကွယ်ရေး သရုပ်ပြပွဲတက်ရောက်

**ပုသိမ် ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအေးကျော်သည် ယနေ့နံနက်ပိုင်းက ဇလွန်မြို့ ဧရာဝတီ ဟသ်ာတတာမိုင် (၂၅/၂) ဆန်တန်းရပ်ကွက်၌ ဆည်မြောင်းနှင့်ရေ အသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ပြုလုပ်သည့် ရေဘေးကာကွယ်ရေး သရုပ်ပြပွဲနှင့် လေ့ကျင့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများထံသို့ ရေဘေးကာကွယ်ရေး အသိပေးအချက်ပြအလံများ ပေးအပ်သည်။

ထို့နောက် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုအစီအစဉ် စီမံချက်အား သရုပ်ပြလေ့ကျင့်ခြင်းကို ကြည့်ရှုအားပေးပြီး ရေဘေးကာကွယ်ရေး ဆောင်ရွက်လျက်ရှိသော ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ တာတမံဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ကညင်ငူကျေးရွာတွင်ပြုလုပ်သည့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုအစီအစဉ်စီမံချက် သရုပ်ပြလေ့ကျင့်ခြင်းကို ကြည့်ရှုအားပေးကာ ကညင်ငူကျေးရွာ၌ တည်ဆောက်ပြီး ကျောက်စီတမံများနှင့် ငဝန်မြစ်ရေကြီးချိန် ကမ်းပါးများ ရေတိုက်စားမှု လျော့ပါးစေရေး အရေးပေါ်မိုးရာသီ ယာယီကာကွယ်ရေးလုပ်ငန်းဖြစ်သည့် Floating Unit များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



❖ *ရှေ့ဖုံးမှ*

ရေအားလျှပ်စစ်ထုတ်လုပ်မှုတွင် စိန်ခေါ်မှုများရှိနေသကဲ့သို့ ကမ္ဘာ့စွမ်းအင်ဈေးနှုန်း မတည်ငြိမ်မှုများသည်လည်း မိမိတို့၏ စွမ်းအင်လုံခြုံရေးအတွက် ရေရှည်တွင် စဉ်းစားစရာဖြစ်လာပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်တွင်းရှိလျှပ်စစ်နှင့်စွမ်းအင် အရင်းအမြစ်များအပေါ် အခြေခံပြီး နိုင်ငံတော်အတွက်သင့်လျော်သည့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု (Generation Mix)ကို သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် တွက်ချက်စီမံလျက်ရှိပါကြောင်း။

"နေရောင်ခြည်စွမ်းအင်"သည် မိမိတို့နိုင်ငံ၏ ပထဝီဝင်အနေအထားအရ သဘာဝပေးအရင်းအမြစ်ကြွယ်ဝခြင်း၊ အခြားသော ဓာတ်အားပေးစနစ်များနှင့် နှိုင်းယှဉ်ပါက စီမံကိန်းကာလ တိုတောင်းခြင်းတို့ကြောင့် နိုင်ငံတော်၏ မဟာဓာတ်အားလိုင်းများ အတွင်းသို့ သင့်တင့်သည့် အချိုးအစားဖြင့် ဆိုလာစနစ်အား ထည့်သွင်းနိုင်ရေးနှင့် တစ်ဦးချင်းဖြစ်စေ၊ အစု အဖွဲ့အလိုက်ဖြစ်စေ မိမိတို့အစီအစဉ်ဖြင့် Solar Home System စနစ်အား တပ်ဆင်အသုံးပြုနိုင်ရေး နည်းလမ်း နှစ်ခုဖြင့် အားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါ တွေ့ကြုံနေရသည့် နည်းပညာဆိုင်ရာ ကန့်သတ်ချက်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အခက်အခဲများကို ယနေ့ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဝိုင်းဝန်းအကြံပြု၊ ဆွေးနွေး၊ အဖြေရှာခြင်းဖြင့် အကျိုးရှိထိရောက်သည့် အစီအမံများနှင့် စီမံကိန်းများသည် လျင်မြန်စွာအကောင်အထည်ပေါ်လာမည်ဖြစ်ပါကြောင်း၊ ဆိုလာဓာတ်အားပေးစနစ်အား စွမ်းရည်မြင့်မားစွာနှင့် ထိထိရောက်ရောက် အသုံးချနိုင်ရန် လိုအပ်ပါကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က အဆိုပါအခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် စာတမ်းရှင်များ၊ ဟောပြောဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် ရှင်းလင်းဆွေးနွေးကြရာ တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး အသိပညာရှင်၊ အတတ်ပညာရှင်များကလည်း "မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားစနစ်၏ တည်ငြိမ်စိတ်ချမှုကိုထိန်းသိမ်းခြင်း" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပေါကြွယ်ဝလှသော နေရောင်ခြည်စွမ်းအင် အရင်းအမြစ်ကို အပြည့်အဝအသုံးချ၍ ဓာတ်အားထုတ်လုပ်ခြင်းဖြင့် စွမ်းအင်ဖူလုံပြီး စိမ်းလန်းစိုပြည်သော အနာဂတ်နိုင်ငံတော်ကြီးဆီသို့ အောင်မြင်စွာရှေ့ဆက်တက်လှမ်းနိုင်ပါစေကြောင်း နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ယနေ့ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ၊ ကောင်စီဝင် ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ ပညာရှင်များ၊ အခြားဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း/ပြည်ပကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် သီးခြားဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသူစုစုပေါင်း ၄၇၅ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ကော့သောင်းမြို့နယ်၌ ဆားငန်ဒဏ်ခံ စပါးမျိုးများစိုက်ပျိုးခြင်း နည်းပညာပေးဆွေးနွေး

**ကော့သောင်း ဇူလိုင် ၁၅**

ကော့သောင်းမြို့နယ် အတွင်းရှိ မိုးစပါးပန်းတိုင်အထွက်နှုန်း ရရှိရေး စံပြကျေးရွာများအတွက် မျိုးစပါး၊ မြေဩဇာ၊ မျိုးစေ့ချ ကိရိယာများနှင့် အကျိုးဆောင်ခြံရှင်များအား ကော်ဖီ၊ ကိုကိုးနှင့် ဥယျာဉ်ခြံသီးနှံပျိုးပင်များ ပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက်က အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး စောမာတင်လူသာနှင့် တာဝန်ရှိသူများက ဥယျာဉ်ခြံသီးနှံပျိုးပင်များ ပေးအပ်ခဲ့ကြပြီး ဆားငန်ဒဏ်ခံ စပါးမျိုးများစိုက်ပျိုးခြင်း နည်းပညာပေးဆွေးနွေးပွဲကျင်းပကာ တာဝန်ရှိသူများက ပင်လယ်ရေငန် ဝင်ရောက်နိုင်သည့် ဧရိယာများရှိ တောင်သူများအား ဆားငန်ဒဏ်ခံစပါးမျိုးများ ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**



# မိုးစပါးစိုက်ပျိုးရေးအတွက် ထွန်ယက်ရန် ဒီဇယ်ဆီရောင်းချပေး

**ပုသိမ်ကြီး ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ ထွန်ယက်စိုက်ပျိုးရာတွင် အဆင်ပြေစေရန် ဒီဇယ်ဆီ ရောင်းချပေးခြင်းကို မန္တလေး – ပုသိမ်ကြီး ကားလမ်းဘေးရှိ စက်သုံးဆီ အရောင်းဆိုင်၌ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆင်ရွာကြီးကျေးရွာအုပ်စုရှိ တောင်သူ ၇၁ ဦးအတွက် တစ်ဧကလျှင် သုံးဂါလန်နှုန်းဖြင့် ဒီဇယ်ဆီ ၃၇၁ ဒသမ ၁၉ ဂါလန်ကို ရောင်းချပေးလျက်ရှိသည်။ အဆိုပါ ရောင်းချပေးရာသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအောင်စိုးဦးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး ကြီးကြပ်မှု ကော်မတီအဖွဲ့ဝင်များနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ရွှေရန်ကင်း**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဆိုလာစနစ်ဆိုတာ ကမ္ဘာမြေကြီးက လူသားတွေအားလုံးကို အညီအမျှပေးထားတဲ့ အမြဲတမ်းမကုန်ခန်းနိုင်တဲ့ စွမ်းအင်တစ်ခုပဲ ဖြစ်ပါတယ်

ဦးအောင်သူထွန်း


ဦးအောင်သူထွန်း


ဦးထောင်းဇိုခိုင်


ဦးကောင်းဆက်သူ


ဦးဇေယျာဝင်း


ဦးဟန်ဇော်


ဒေါ်မြမြအေး

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ်သိသာစွာ တိုးမြှင့်ပါဝင်လာစေရန် ရည်ရွယ်သည့် နေရောင်ခြည်စွမ်းအင်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Resort ၌ ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆိုလာနည်းပညာနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေကြသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲမှတစ်ဆင့် မြန်မာနိုင်ငံတွင် နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်သွားမည့် အခြေအနေနှင့် စပ်လျဉ်း၍ ဆွေးနွေးပွဲတက်ရောက်လာကြသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-

**ဦးအောင်သူထွန်း Executive Director၊**
**Head of Power Systems၊ ZEYA & ASSOCIATES Co., Ltd.**

ကျွန်တော်တို့နိုင်ငံအတွက် လိုအပ်နေတဲ့ဓာတ်အားကို ဆိုလာကနေ ပိုမိုအကျိုးရှိရှိနဲ့ effective ဖြစ်အောင် ဖြည့်ဆည်းပေးနိုင်ဖို့အတွက် ဆွေးနွေးပွဲတက်ရောက်လာတဲ့ ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ၊ ဌာနဆိုင်ရာ တာဝန်ရှိသူတွေရဲ့ ဆွေးနွေးချက်တွေ၊ အကြံဉာဏ်တွေကို လာရောက်လေ့လာတာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဆိုလာစီမံကိန်းတွေ ထပ်ပြီးအကောင်အထည်ဖော် ဆောင်ရွက်ဖို့လည်း ရှိပါတယ်။ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာဆိုင်ရာလိုအပ်ချက်တွေနဲ့ ကိုက်ညီပြီး အရည်အသွေးကောင်းတဲ့ ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းတွေကို ဆောင်ရွက်နေတာလည်းရှိပါတယ်။ ဆိုလာစနစ်ဆိုတာ ကမ္ဘာမြေကြီးက လူသားတွေအားလုံးကို အညီအမျှပေးထားတဲ့ အမြဲတမ်းမကုန်ခန်းနိုင်တဲ့ စွမ်းအင်တစ်ခုပဲ ဖြစ်ပါတယ်။ ဒီစွမ်းအင်ကို ကျွန်တော်တို့က အကျိုးရှိရှိအသုံးချနိုင်ရင် တစ်နိုင်ငံလုံးလိုအပ်နေတဲ့ လျှပ်စစ်စွမ်းအားကို အချိန်တိုအတွင်းမှာ အမြန်ဆုံးရရှိနိုင်မှာ ဖြစ်ပါတယ်။

**ဦးထောင်းဇိုခိုင် ဒုတိယညွှန်ကြားရေးမှူးချုပ်၊**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

ဒီနေ့ဆွေးနွေးပွဲမှာ ဆိုလာစွမ်းအင်ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ဆိုလာစွမ်းအင်ကို စနစ်တကျနဲ့ တစ်ပိုင်တစ်နိုင် ဘယ်လိုအသုံးချမလဲ၊ တစ်ဦးတစ်ယောက်ချင်းစီဖြစ်စေ၊ အဖွဲ့အစည်းအလိုက်ဖြစ်စေ ထုတ်လုပ်နိုင်မှုတွေနဲ့ ဓာတ်အားစနစ် မရောက်သေးတဲ့နေရာတွေမှာလည်း ဘယ်လိုအသုံးချနိုင်မလဲဆိုတဲ့ အဖြေတွေရရှိဖို့ ရည်ရွယ်ဆောင်ရွက်တာဖြစ်ပါတယ်။ ပြီးတော့ ဆွေးနွေးပွဲမှာ ဓာတ်အားထုတ်လုပ်တဲ့ အခြေအနေတွေမှာ ကြုံတွေ့ရတဲ့ အတွေ့အကြုံတွေ၊ အခက်အခဲတွေကို ကျော်ဖြတ်ပြီး ဆိုလာဓာတ်အားပေးစက်ရုံတွေ ဘယ်လိုတည်ဆောက်ခဲ့တယ်ဆိုတဲ့ အချက်တွေ၊ နောက်ပြီး ဓာတ်အားစနစ်အတွင်းမှာ ဆိုလာပါဝင်မှု ရာခိုင်နှုန်းက သင့်တင့်မျှတတဲ့ အနေအထားဖြစ်ဖို့၊ အိမ်သုံးဆိုလာစနစ်တွေကိုစနစ်တကျနဲ့ တစ်ပိုင်တစ်နိုင်လုပ်ငန်းတွေမှာ ဆောင်ရွက်သွားနိုင်မယ့် အခြေအနေတွေကို ဆွေးနွေးသွားမှာဖြစ်ပါတယ်။

ဒီနေ့ဆွေးနွေးပွဲမှာ အသိပညာရှင်၊ အတတ်ပညာရှင်တွေအနေနဲ့ မြန်မာနိုင်ငံမှာ နေရောင်ခြည်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြှင့်တင်ရေးနဲ့ လျှပ်စစ်ဓာတ်အားစနစ်ရဲ့ တည်ငြိမ်စိတ်ချရမှုကို ထိန်းသိမ်းခြင်းဆိုတဲ့ခေါင်းစဉ်နဲ့ ဆွေးနွေးသွားကြမှာ ဖြစ်ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ ထွက်ပေါ်လာတဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေအပေါ် ကျွန်တော်တို့အနေနဲ့ ဆက်လက်ဆွေးနွေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးကောင်းဆက်သူ**
**Huawei Top Partner, SEC Solar**

ကျွန်တော်တို့အနေနဲ့ လူနေအိမ်တွေ၊ ဌာနဆိုင်ရာတွေ၊ စက်မှုလုပ်ငန်းတွေအတွက် ဆိုလာစနစ်တွေ ဆောင်ရွက်ပေးနေပါတယ်။ ပြီးတော့ ပြည်သူတစ်ဦးချင်းစီသုံးနိုင်တဲ့ အိမ်သုံးဆိုလာ product တွေကိုလည်း ရောင်းချပေးနေပါတယ်။ ကျွန်တော်တို့ကို ဆက်သွယ်လာပြီဆိုရင် တစ်အိမ်ချင်းစီမှာ လိုအပ်တဲ့ စွမ်းအင်ပမာဏအပေါ်မူတည်ပြီး ပစ္စည်းတွေ အကုန်မှာယူလို့ရပါတယ်။ ဆိုလာကတော့ သန့်စင်တဲ့ green energy ဖြစ်ပါတယ်။ ပြီးရင် ဆိုလာဘက်ထရီသက်တမ်းတွေက အခုဆိုရင် နှစ် ၂၀ ကနေ ၂၅ နှစ်အထိ အသုံးခံနေကြပြီဖြစ်ပါတယ်။ ဒါကြောင့် အခုအချိန်မှာ ဆိုလာစွမ်းအင်ကို ရွေးချယ်မယ်ဆိုရင် မြန်မာနိုင်ငံနဲ့ အသင့်တော်ဆုံး ဖြစ်တယ်ဆိုတာ အကြံပြုချင်ပါတယ်။

**ဦးဇေယျာဝင်း**
**Head of Department၊ Myanmar Padauk Power Co.,Ltd.**

လက်ရှိ ဆိုလာစနစ်ဆောင်ရွက်လာတဲ့အခါမှာ လျှပ်စစ်မီးတွေ ပိုမိုရရှိလာပြီး နိုင်ငံတော်အတွက် အထောက်အကူလည်း ဖြစ်စေပါတယ်။ အခုဆိုရင် အိမ်တွေ၊ စက်ရုံတွေမှာ တစ်ပိုင်တစ်နိုင်ဆိုလာလေးတွေကို တပ်ဆင်ပြီးတော့ အသုံးပြုလာကြပါပြီ။ ကျွန်တော်တို့အနေနဲ့ မဟာဓာတ်အားလိုင်းမရတဲ့နေရာတွေမှာ ဆိုလာစနစ်တွေ တပ်ဆင်ဆောင်ရွက်သွားဖို့ စီစဉ်ဆောင်ရွက်နေပါတယ်။ ဆိုလာစနစ်ကို အသုံးပြုမယ့်သူတွေအတွက် စဦးတပ်ဆင်ကုန်ကျစရိတ်ရှိပေမယ့် zero carbon ဖြစ်ပါတယ်။ ရေရှည်အတွက် အကျိုးရှိတဲ့အတွက် သန့်စင်တဲ့ စွမ်းအင်ဖြစ်တာမို့ အသုံးပြုသင့်ပါတယ်။

**ဦးဟန်ဇော်**
**အထွေထွေမန်နေဂျာ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း**

ဒီနေ့ကျင်းပတဲ့ အလုပ်ရုံဆွေးနွေးပွဲကတော့ ကျွန်တော်တို့အတွက် အများကြီးအကျိုးရှိတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိအခြေအနေအရ ဒီ green energy ကနေ ဓာတ်အားကွန်ရက်ကို အထောက်အကူပြုနိုင်မယ့်နည်းလမ်းတွေ အသုံးပြုပြီး ကိုယ်ပိုင်လည်း ထုတ်လို့ရမယ်၊ နောက်ပြီး နိုင်ငံတော်ရဲ့ grid နဲ့လည်း ချိတ်ဆက်ပြီးတော့ သုံးစွဲလို့ရမယ့်ဆိုလာစနစ်ကို အဓိကဦးစားပေးဖော်ဆောင်တဲ့ အလုပ်ရုံဆွေးနွေးပွဲ ဖြစ်ပါတယ်။

ဆိုလာရဲ့ သဘာဝကိုက တစ်ပိုင်တစ်နိုင်လုပ်လို့ရတယ်။ အိမ်ထောင်စုတစ်ခုချင်းစီကနေ နိုင်ငံတော်အဆင့်အထိ သန့်စင်တဲ့ စွမ်းအင်အဖြစ် အသုံးပြုဆောင်ရွက်နိုင်တယ်ဆိုတာကို အသိပညာပေးမျှဝေတဲ့ သဘောလည်းပါပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ လက်ရှိဌာနမှာ သုံးနေတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဘယ်လိုချိတ်ဆက်ပြီး လုပ်ရမယ်၊ နည်းပညာပိုင်းအရ ဘာတွေလိုအပ်တယ်ဆိုတာတွေကိုလဲ ဆွေးနွေးကြတာဖြစ်ပါတယ်။

**ဒေါ်မြမြအေး မန်နေဂျင်းဒါရိုက်တာ၊**
**ကောင်းကျော်စေ အင်ဂျင်နီယာလုပ်ငန်း ကုမ္ပဏီလီမိတက်**

ဆိုလာစွမ်းအင်က နေရောင်ခြည်ကရတာဖြစ်တဲ့အတွက် သန့်ရှင်းတဲ့ စွမ်းအင်ဖြစ်တယ်။ တွင်းထွက်ရေနံက အကန့်အသတ်စွမ်းအင်ဖြစ်ပြီးတော့ ရှားပါးလာတဲ့ အနေအထားဖြစ်ပါတယ်။ ဆိုလာက တစ်အိမ်ချင်းလွယ်လွယ်ကူကူ တပ်ဆင်အသုံးပြုလို့ရတယ်။ အိမ်တစ်အိမ်မှာ ၃ ကီလိုဝပ်သုံးမယ်ဆိုရင် ၅ ကီလိုဝပ်ဆိုလာစနစ် တပ်ဆင်ထားလိုက်တာနဲ့ လွယ်လွယ်ကူကူ အသုံးပြုလို့ရတယ်။ ပြည့်ဖြိုးမြဲ စွမ်းအင်တိုင်းမှာ အားသာချက် အားနည်းချက်ရှိတယ်။ ကျွန်မတို့ ဆိုလာစနစ်စလုပ်တဲ့ ၂၀၀၆ ခုနှစ်ဝန်းကျင်က ဆိုလာဆိုတာ ပြည်သူတွေကြားမှာ ရင်းနှီးမှုမရှိသေးသလို စီးပွားရေးအရလည်း တွက်ခြေမကိုက်သေးပါဘူး။ ဆိုလာပြားတွေ၊ အင်ဗာတာတွေကလည်း ဈေးကြီးပါသေးတယ်။ အဲဒီအချိန်အခါက ကျွန်မတို့အနေနဲ့ သန့်ရှင်းတဲ့စွမ်းအင်တစ်ခုအဖြစ် နည်းပညာမျှဝေမှုတွေကိုပါ လုပ်ဆောင်ခဲ့ပါတယ်။ အခုကတော့ ဆိုလာပြားတွေ၊ အင်ဗာတာတွေက ဈေးနှုန်းသက်သာလာတယ်။ မဟာဓာတ်အားလိုင်းမရောက်သေးတဲ့ နေရာတွေအတွက် အကောင်းဆုံးရွေးချယ်စရာဖြစ်လာတယ်။ ကျွန်မတို့ နိုင်ငံရဲ့စွမ်းအင်ကဏ္ဍတိုးတက်ဖို့အတွက် ပညာရှင်တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးက အစိုးရနဲ့အတူ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်သလို နောင်မျိုးဆက်သစ်လူငယ်တွေကိုလည်း ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနဲ့ပတ်သက်ပြီး မြှင့်တင်ကြိုးစားပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**သတင်းအဖွဲ့**

---

*○ ကျောဖုံးမှ*

လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း ယနေ့နံနက်မှ ဇူလိုင် ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၄-၇-၂၀၂၆ ရက်နေ့မြန်မာစံတော်ချိန် ဝ၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့်၁၆-၇-၂၀၂၆ ရက်နေ့မှ ၁၉-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ



(၇၉)နှစ်မြောက် အာဇာနည်နေ့ အမှတ်တရဆောင်းပါး

# အာဇာနည်ခေါင်းဆောင်ကြီးများကို အမှန်တကယ်ချစ်မြတ်နိုးကြပါလျှင် ...

ဇာနည်ဘွား

ဇူလိုင်လ ၁၉ ရက်နေ့ဟာ (၇၉) နှစ်မြောက် အာဇာနည်နေ့ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရရှာတာ ၇၉ နှစ်တောင်ရှိခဲ့ပြီလို့ ဆိုရမှာဖြစ်တယ်။ ၇၉ နှစ်ဆိုတဲ့ အချိန်ကာလဟာ လူ့သက်တမ်းအားဖြင့် တစ်ဘဝနီးပါးကြာညောင်းခဲ့တာ ဖြစ်ပေမယ့် အာဇာနည်ခေါင်းဆောင်ကြီးများကို မျိုးဆက်အလီလီ ယနေ့တိုင် မမေ့နိုင်ကြသေးပါ။ အထူးသဖြင့်ကား မြန်မာ့လွတ်လပ်ရေးဗိသုကာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို လွမ်းဆွတ်တမ်းတနေကြဆဲ။

ဗိုလ်ချုပ်ကို သက်ရှိထင်ရှားရှိစဉ်ကတည်းက လူထုကြီးက သူ့ဘာပြောပြော လိုက်နာကြတယ်။ ဘာလုပ်လုပ် သူ့ကို ယုံကြည်ကိုးစားချစ်ခင်ကြတယ်။ ထောက်ခံကြတယ်။ မသမာသူ သူသတ်သမားများ လက်ချက်နဲ့ သူကျဆုံးသွားတဲ့အခါမှာ သူ့ကို လွမ်းဆွတ်တမ်းတခဲ့ကြတယ်။

ဗိုလ်ချုပ်ကို သက်ရှိထင်ရှားမတွေ့လိုက်၊ မမြင်လိုက် မမီလိုက်ခဲ့တဲ့ မျိုးဆက်သစ်များကလည်း အာဇာနည်နေ့ရောက်ရင် ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြစ်တဲ့ ဥသြစွဲသံနဲ့အတူ အလေးအမြတ်သမှုအလေးပြုကြတယ်။ နှစ်စဉ်နီးပါးအုံ့ဆိုင်းမှုန်မှိုင်းနေတဲ့ ဇူလိုင်လရဲ့ မိုးစက်မိုးပွင့်များအောက်မှာ ဗိုလ်ချုပ်ကို လွမ်းဆွတ်အမှတ်ရလေ့ရှိကြတယ်။

၁၉၆၆ ခုနှစ် ဇူလိုင်လမှာ ကျုံပျော်စာပေမှ ထုတ်ဝေခဲ့တဲ့ **“မေ့ပျောက်၍မရသော အောင်ဆန်း”** စာအုပ်အမှာစာမှာ လူထုကြီးသည် ဘာကြောင့် သူ့ကို တန်းတန်းစွဲချစ်ခင်ကြသနည်းဆိုတဲ့ မေးခွန်းနဲ့အတူ အစချီပြီး . . .

**“အောင်ဆန်းသည် တက္ကသိုလ်သပိတ်ခေါင်းဆောင်အဖြစ် ဗြိတိသျှအစိုးရကို ဥပဒေအတွင်းမှ ပုန်ကန်စဉ်က သူ့အသက် ၂၁ နှစ်သာရှိသေး၏။ သာယာဝတီညီလာခံ၌ ဗြိတိသျှတို့ကို လက်နက်ဖြင့် ပုန်ကန်ရန် အစီအစဉ်ရေးဆွဲချမှတ်စဉ်က သူသည် ၂၅ နှစ်မျှသာရှိသေးသည်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ချုပ်အဖြစ်နှင့် မြန်မာပြည်သို့ ချီတက်လာစဉ်က သူ့အသက်မှာ ၂၆ နှစ်သာသာမျှရှိပါသေးသည်။ ဂျပန်ကို သူ့တပ်မတော်နှင့်ပြန်၍ တော်လှန်တိုက်ခိုက်ချိန်၌ သူ့အသက် ၃၀ ရှိပြီ၊ တစ်နှစ်အတွင်း လွတ်လပ်ရေးရရမယ်ဟု ကြုံးဝါးစဉ်က သူ့အသက် ၃၃ နှစ်ခန့်မျှရှိပါသည်။ လွတ်လပ်ရေးမုခ်ဦးကို တည်ဆောက်ပေးပြီး၍ သူကျဆုံးသွားသောအခါ သူ့အသက် ၃၃ နှစ်မျှသာရှိပါသေးသည်။ ဤအသက်မျှနှင့် သူလုပ်သွားခဲ့သောလုပ်ငန်းများကို ကြည့်ပါ၊ သူဘယ်လိုလူဖြစ်ကြောင်း ရိပ်မိကောင်းပါသည်”** စသဖြင့် ရေးသားဖော်ပြခဲ့ပါတယ်။

အင်္ဂလိပ်လူမျိုး သမိုင်းပါမောက္ခတင်ကာကလည်း သူရေးသားခဲ့တဲ့ “ပြည်ထောင်စု မြန်မာနိုင်ငံ” ဆိုတဲ့စာအုပ်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ စပ်လျဉ်းပြီး **“အောင်ဆန်းသည် တက္ကသိုလ်မှထွက်ခါစ နိုင်ငံရေးအရည်မလည်သေးသည့် ဘဝမှာပင် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် မိမိစိတ်တိုင်းကျ တောင်းဆိုနိုင်ခြင်းကား သူ၏အောင်မြင်မှုတစ်ရပ်ပင်ဖြစ်၏။ အောင်ဆန်းသည် ဗြိတိသျှအစိုးရတစ်ဖွဲ့လုံးအပြင် အင်အားကြီးမားလှသော လက်နက်ကိုင်တပ်ပေါင်းစု သေနာပတိချုပ် မောင့်ဘက်တန်နှင့်တကွ နိုင်ငံရေး**

> **❑ ဗိုလ်ချုပ်အောင်ဆန်းရဲ့ဆရာဖြစ်သူ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ကိုယ်တိုင် “အလွန်ကောင်းစွာ ကမ္ဘာတည်မည့်၊ အာဇာနည်ဗိမာန်ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန် တစ်မျိုးရယ်နှင့် ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊ ဩော်တောင်နန်း မြောက်နန်း အဆောင်ကြငှန်းနဲ့၊ အခေါ်မမြန်းရခင်က၊ အောင်ပန်းညိုရရှာတဲ့၊ အောင်ဆန်းတို့သေပုံ နှမြော” စတဲ့ အာဇာနည်ဗိမာန်လေးချိုးကြီးနဲ့အညီ ကျဆုံးသွားကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများအား အမှတ်တရဂုဏ်ပြု အထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ အတွင်းဝန်ရုံးဝင်းအတွင်းရှိ တိုင်းပြုပြည်ပြု လွှတ်တော် အဆောက်အဦရှေ့မှာ အာဇာနည်အထိမ်းအမှတ်ကျောက်တိုင်နဲ့ အာဇာနည်ကုန်းမှာ အာဇာနည်ဗိမာန်ကိုလည်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပါတယ်**

**ရာတွင် ဝါရင့်ပြီး ပါးနပ်လှသည့် အရာရှိကြီးများ ပါဝင်သော ဗြိတိသျှဗြဇာခံ မြန်မာနိုင်ငံအစိုးရတစ်ဖွဲ့လုံးကိုပင် သူတစ်ဦးတည်း၏ စွမ်းရည်ဖြင့် အနိုင်ရယူခဲ့ပေသည်။ အဘက်ဘက်မှ ဆင်ခြင်သုံးသပ်ပါမူ နိုင်ငံရေးအာဏာနှင့် တာဝန်လက်ကိုင်ထားရှိသော အင်္ဂလိပ်အမျိုးသားများသည် မြန်မာနိုင်ငံအား လွတ်လပ်ရေးပေးရာ၌ မိမိတို့ခြေရာလက်ရာပါစေရန် အစွမ်းကုန် ကြံစည်အားထုတ်ခဲ့ကြ၏။ သို့သော် နောက်ဆုံး၌ သူတို့အားလုံးမှာ အောင်ဆန်း၏အရှိန်အဝါအောက်၌ ပြားပြားဝပ်ခဲ့ကြရရုံသာမက မြန်မာနိုင်ငံမှ ဗြိတိသျှတို့အပြီးအပြတ်ထွက်ခွာသွားကြရအောင် ဖန်တီးပေးခဲ့သော အရေးအခင်းဟူသမျှတွင် အောင်ဆန်းသည်ပင်လျှင် ခိုင်မြဲစွာကြိုးကိုင်ခဲ့ပေသည်။ အောင်ဆန်းကို လက်ညှိုးညွှန်ရာရေဖြစ်စေတဲ့ အောင်ဆန်းဟူ၍ မြန်မာတို့ပြောစမှတ်ပြုကြသည်။ ထိုအဆိုမှာ သူအောင်ပွဲခံရချိန်၌ ပို၍မှန်ကန်သည်ဟု ဆိုရချေမည်။ အကြောင်းမူကား လူမသမာများလက်ချက်ဖြင့် ကျဆုံးရသည့်တိုင်အောင် အောင်ဆန်းသည် နိုင်ငံ့အာဇာနည်ခေါင်းဆောင်ကြီး တစ်ဦးအဖြစ် သမိုင်းဝင်မော်ကွန်းတင်ခြင်း ခံခဲ့ရပေသည်။ အောင်ဆန်းကား နိုင်ငံနှင့်အမျိုးအတွက် လွတ်လပ်ရေးအသရေကို အရဆောင်ကြဉ်းပေးခဲ့သည်။ နှောင်းကာလဝယ် ပေါ်ပေါက်လာသော စစ်၏ ဒဏ်ရာဒဏ်ချက်များကား အောင်ဆန်းနှင့် မည်သို့မျှ မသက်ဆိုင်ချေ”** လို့ အကဲဖြတ်ရေးသားဖော်ပြခဲ့ပါတယ်။

ထိုထိုသော သမိုင်းမှတ်တမ်းမှတ်ရာစာပေများကို လေ့လာကြည့်ရင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာ့လွတ်လပ်ရေးဗိသုကာ၊ မြန်မာ့လွတ်လပ်ရေးနဲ့ တပ်မတော်ရဲ့ဖခင်ကြီး၊ နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝရောက်ရှိနေခဲ့တဲ့ နိုင်ငံရဲ့ လွတ်လပ်ရေးကို အသက်စွန့်ပြီး စွန့်လွှတ်စွန့်စားဆောင်ကြဉ်းပေးခဲ့တဲ့ အာဇာနည်ခေါင်းဆောင်ကြီးအဖြစ် မြန်မာ့သမိုင်းမှာ ကမ္ပည်းမော်ကွန်းတင်ခံခဲ့ရသူ အာဇာနည်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါတယ်။

သည့်အတွက် ဗိုလ်ချုပ်အောင်ဆန်းရဲ့ဆရာဖြစ်သူ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကိုယ်တိုင် **“အလွန်ကောင်းစွာ ကမ္ဘာတည်မည့်၊ အာဇာနည်ဗိမာန်ပုထိုးကိုဖြင့်၊ ပါရမီအဓိဋ္ဌာန်တစ်မျိုးရယ်နှင့် ရှိခိုးကာ ဆရာကန်တော့ချင်ရဲ့၊ ဩော်တောင်နန်း မြောက်နန်းအဆောင်ကြငှန်းနဲ့၊ အခေါ်မမြန်းရခင်က၊ အောင်ပန်းညိုရရှာတဲ့၊ အောင်ဆန်းတို့သေပုံ နှမြော”** စတဲ့ အာဇာနည်ဗိမာန်လေးချိုးကြီးနဲ့အညီ ကျဆုံးသွားကြတဲ့ အာဇာနည်ခေါင်းဆောင်ကြီးများအား အမှတ်တရဂုဏ်ပြုအထိမ်းအမှတ်အဖြစ် ရန်ကုန်မြို့ အတွင်းဝန်ရုံးဝင်းအတွင်းရှိ တိုင်းပြုပြည်ပြု လွှတ်တော်အဆောက်အဦရှေ့မှာ အာဇာနည်အထိမ်းအမှတ်ကျောက်တိုင်နဲ့ အာဇာနည်ကုန်းမှာ အာဇာနည်ဗိမာန်ကိုလည်း နိုင်ငံတော်က တည်ဆောက်ပေးခဲ့ပါတယ်။

ခေတ်အဆက်ဆက် နိုင်ငံတော်အစိုးရများအနေနဲ့လည်း ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ အာဇာနည်ခေါင်းဆောင်ကြီးများရဲ့ ဂုဏ်ကျေးဇူးကို မျိုးဆက်အလီလီ မမေ့မပျောက် သတိတရအမှတ်ရစိမ့်သောငှာ အာဇာနည်နေ့အခမ်းအနားကို နှစ်စဉ် ဇူလိုင် ၁၉ ရက်နေ့ရောက်တိုင်း နိုင်ငံတော်အဆင့် ကျင်းပပေးခဲ့ကြပါတယ်။

သို့ပေမယ့်လည်း ပါလီမန်ဒီမိုကရေစီခေတ်ကာလများမှာတော့ အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ဆက်စပ်တဲ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပရာမှာ အာဏာရ နိုင်ငံရေးပါတီများဟာ နိုင်ငံရေးအကျိုးအမြတ်ကို မျှော်ကိုးပြီး ကျင်းပခဲ့တာမျိုးတွေလည်း သမိုင်းမှာ အထင်အရှားရှိခဲ့ဖူးပါတယ်။

**“ဆယ်နှစ်ဆယ်မိုး ကြီးစိုးသွားသူတွေဟာ မဲဆန္ဒတောင်းခံချိန်မှာသာ အောင်ဆန်းကို သတိရကြတယ်”** လို့ ဗိုလ်ချုပ်နဲ့ ခေတ်ပြိုင်လုပ်ဖော်ကိုင်ဖက်များကိုယ်တိုင် မချိတင်ကဲဆိုခဲ့ကြပါတယ်။ ဗိုလ်ချုပ်နဲ့သွေးသားမကင်းသူ၊ ရဲဘော်ရဲဘက်တစ်ဦးလည်းဖြစ်သူ နတ်မောက်ဘုန်းကျော်ကလည်း ၁၉၅၇ ခုနှစ် ဇူလိုင်လထုတ် မြဝတီမဂ္ဂဇင်းမှာ “ငမိုးမသေသေး” ဆိုတဲ့ခေါင်းစဉ်နဲ့ ထိုခေတ်နိုင်ငံရေးသမားအချို့က “ဗိုလ်ချုပ်လမ်းစဉ်၊ ဗိုလ်ချုပ်လမ်းစဉ် ” ဆိုပြီး နာမည်ရောင်းစားနေမှုများကို သရော်စာအဖြစ် ရေးသားခဲ့ပါတယ်။

ဗိုလ်ချုပ်ရဲ့အစ်ကို ဦးအောင်သန်းကလည်း “သူကျဆုံးပြီးနောက် သူ့နေရာဆက်ခံသူများသည် သူကဲ့သို့ ဒီမိုကရေစီအခွင့်အရေးများကို ရှိသေပါ၏လော၊ ပြည်သူလူထုထံမှ မဲတောင်းသောအခါ “ဗိုလ်ချုပ်လမ်းစဉ်” ဟု ကြွေးကြော်ကြသော ထိုပုဂ္ဂိုလ်များသည် ဘာတွေလုပ်ခဲ့ကြသနည်း။ အတိုချုပ်ရေးရလျှင် ထိုပုဂ္ဂိုလ်များသည် ဒီမိုကရေစီကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ခဲ့ကြသည်။ မိမိတို့အာဏာမဲ့ဘဝရောက်မှ ဒီမိုကရေစီစကားပြောသော ထိုပုဂ္ဂိုလ်များကို ပြည်သူလူထုအနေဖြင့် ယုံရမည်လော ” စသဖြင့် “အောင်ဆန်းမိသားစု” စာအုပ်မှာ ရေးသားခဲ့ပါတယ်။

စာရေးဆရာကြီး မောင်ထင်ကလည်း “ဗမာ့နိုင်ငံရေးသုခမိန် ” စာအုပ်မှာ “ ဗိုလ်ချုပ်ကွယ်လွန်ခဲ့သည်မှာ ရှစ်နှစ်ရှိပြီ။ မြန်မာနိုင်ငံသားတို့အဖို့ကား ဗိုလ်ချုပ်လွန်ခဲ့သည်မှာ မနေ့တစ်နေ့ကလိုလို ထင်မိကြ၏။ ဗိုလ်ချုပ်ကို ချစ်သည့်ဇောဖြင့် အများပင် တမ်းတကြ၏။ သို့သော် ဗိုလ်ချုပ်၏အတွေးအခေါ်တို့ကိုကား သတိရမှ ရကြပေလိမ့်မည်။ စင်စစ် ဗိုလ်ချုပ်သည် နုပျိုသောအရွယ်၌ နိုင်ငံရေးကို ဆောင်ရွက်ခဲ့ရသော်လည်း သူ့အတွေးအခေါ်တို့မှာ ဝါရင့်သော နိုင်ငံရေးသုခမိန်တို့၏ အတွေးအခေါ်မျိုးဖြစ်ရကား ဗိုလ်ချုပ်အား တကယ်ချစ်ပါသည်၊ ခင်ပါသည်၊ သတိရပါသည်ဟုဆိုလျှင် ပညာရှင်ဆန်သော ဗိုလ်ချုပ်၏ အတွေးအခေါ်များ ရင့်သန်လာခဲ့သည့်နည်းတူ လူထု၏စဉ်းစားဉာဏ်လည်း ရင့်သန်လာကြစေရန် လူထုတစ်ရပ်လုံး ကြိုးစားသင့်လှပေသည်။ နိုင်ငံရေးသမားပေါ သလောက် နိုင်ငံရေးသုခမိန်ရှားလှသော ဤနိုင်ငံတွင် နိုင်ငံရေးသုခမိန်များ ထွန်းပေါ်လာပါစေရန် ရည်သန်၍ ကျွန်တော်မှတ်မိသမျှ ဗိုလ်ချုပ်၏ ဟောပြောချက်၊ ကြေညာချက်၊ မိန့်ကြားချက်တို့ကို ယခုတင်ပြပါသည်” စသည်ဖြင့် ရေးသားခဲ့ပါတယ်။

သို့ဖြစ်ရကား အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညိုလေးစားကြတဲ့ မြန်မာပြည်သူတွေနဲ့ မျိုးဆက်သစ်လူငယ်မောင်မယ်တွေအနေနဲ့ ခေတ်အဆက်ဆက် နိုင်ငံရေးရည်မှန်းချက်နဲ့ နိုင်ငံရေးအမြတ်ထုတ်လိုမှု ရည်ရွယ်ချက်တွေနဲ့ ဗိုလ်ချုပ်ကိုဟန်ပြပြီး နိုင်ငံရေးစတန့်ထုတ်ပြနေမှုတွေထက် ဗိုလ်ချုပ်အောင်ဆန်းချမှတ်ခဲ့တဲ့ လမ်းစဉ်ဖြစ်တဲ့ တစ်မျိုးသားလုံးညီညွတ်သွေးစည်းရေး(ဝါ) အမျိုးသားစည်းလုံးညီညွတ်ရေး၊ လွတ်လပ်ရေးအခွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ စီးပွားရေးဖူလုံရေး (ဝါ) လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားစီမံကိန်းများ ပြန်လည်ထူထောင်ရေး၊ ကြီးပွားရေး၊ တိုးတက်ရေး၊ ငြိမ်းချမ်းသာရေး၊ ရိုးသားဖြောင့်မတ်ရေး၊ အကျင့်စရိုက်ဆိုးများ ပြုပြင်ရေးစတဲ့ ဗိုလ်ချုပ်ရဲ့ကောင်းမြတ်တဲ့လမ်းစဉ်များကို အမှတ်ရလေးစားလိုက်နာခြင်းဖြင့် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် အာဇာနည်နေ့အခါသမယမှာ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို ဂုဏ်ပြုကြဖို့ ဆော်ဩလိုကြောင်းပါဗျာ။ ။

> **“ထိုထိုသော သမိုင်းမှတ်တမ်းမှတ်ရာစာပေများကို လေ့လာကြည့်ရင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ မြန်မာ့လွတ်လပ်ရေးဗိသုကာ၊ မြန်မာ့လွတ်လပ်ရေးနဲ့ တပ်မတော်ရဲ့ဖခင်ကြီး နှစ်ပေါင်း ၁၀၀ ကျော် သူ့ကျွန်ဘဝရောက်ရှိနေခဲ့တဲ့ နိုင်ငံရဲ့လွတ်လပ်ရေးကို အသက်စွန့်ပြီး စွန့်လွှတ်စွန့်စားဆောင်ကြဉ်းပေးခဲ့တဲ့ အာဇာနည်ခေါင်းဆောင်ကြီးအဖြစ် မြန်မာ့သမိုင်းမှာ ကမ္ပည်းမော်ကွန်းတင်ခံခဲ့ရသူ အာဇာနည်ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်ပါတယ်”**



## ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**တောင်ငူ ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက တောင်ငူမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တောင်ငူမြို့နယ် လဲဘူးကျေးရွာ၌ ပဲခူးတိုင်းဒေသကြီးမှ ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည့် အင်ဂျင်ပါလက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစုပေါင်းစိုက်ပျိုးနေမှုနှင့် အင်းပုလဲကျေးရွာအုပ်စု၌ (မြစိမ်းရောင်-အသားကဏ္ဍ) ဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် ဥစားဘဲကောင်ရေ ၂၂၀၀ ကို သဘာဝကွင်းစာဖြင့် မွေးမြူနေမှုအား ကြည့်ရှုအားပေးသည်။

ထို့နောက် တောင်ငူမြို့ ကေတုမတီမြို့ဟောင်းပေါ်ရိသဒ်တံခါးအနီး ရေးဟောင်းကျုံး ပြန်လည်တူးဖော်နေမှုနှင့် စင်တံခါးအနီး ရေးဟောင်းမြို့ရိုးတစ်ဆက်တည်းဖော်ထုတ်နိုင်ရေး ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ငူမြို့ အမှတ်(၂)ရပ်ကွက်ရှိ DTH သဘာဝကော်ဖီထုတ်လုပ်ရေး အလုပ်ရုံသို့ သွားရောက်၍ ပြည်ပသို့ တိုက်ရိုက်တင်ပို့ရောင်းချနိုင်ရေးအတွက် ထုပ်ပိုးမှုစနစ်များ အဆင့်မြှင့်တင်နိုင်ရေး၊ ရိုဘက်စတာကော်ဖီအား ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ရောင်းချနိုင်ရေးနှင့် ပြည်ပဈေးကွက်ရရှိရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ တောင်ငူမြို့၌ ဒေသထွက်ကုန်များ အရောင်းစင်တာ ဖွင့်လှစ်ထားရှိမှုနှင့် ခပေါင်းခန်းမ ဘက်စုံအဆင့်မြှင့်တင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲတက်ရောက်

**မကွေး ဇူလိုင် ၁၅**

၂၀၂၄ ခုနှစ် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက တိုင်းဒေသကြီးဖူဆယ်ရုံအားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့် တာဝန်ရှိသူများသည် အမျိုးသားသုံးယောက်တွဲ ဗိုလ်လုပွဲစဉ်အဖြစ် မကွေးမြို့နယ်အသင်းနှင့် မြို့သစ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးရာ မကွေးမြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ ဆုရရှိသည့် အသင်းများအား တစ်ဦးချင်းဆွဲပြား၊ ဆုကလပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါမကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်း ပြိုင်ပွဲကို ဇူလိုင် ၁၀ ရက်မှ ၁၄ ရက်အထိ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ ပြိုင်ပွဲဝင်များက အုပ်စုလေးခုခွဲ၍ အမျိုးသားပွဲစဉ်အဖြစ် နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲ ပွဲစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**



**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် မျက်စိခွဲစိတ်ပြီးလူနာများအား နေကာမျက်မှန်တပ်ဆင်လှူဒါန်း

**တောင်ကြီး ဇူလိုင် ၁၅**

ကျန်းမာရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆေးကောင်စီတို့၏ ခွင့်ပြုချက်အရ မေတ္တာရှင်အသင်း (တောင်ကြီး)၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပြည်တွင်းမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် သြစတြေးလျနိုင်ငံ DAK Foundation မှ မျက်စိအထူးကုဆရာဝန်ကြီးများ ပူးပေါင်း၍ မေတ္တာရှင်ကုသိုလ်ဖြစ် ဆေးရုံ၌ ခွဲစိတ်ကုသခဲ့သည့် မျက်စိလူနာများအား ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် တာဝန်ရှိသူများက နေကာမျက်မှန်များ တပ်ဆင်လှူဒါန်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အလှူငွေများ ပေးအပ်လှူဒါန်းရာ မေတ္တာရှင်အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ခွဲစိတ်ခန်းအတွင်း မျက်စိလူနာ ခွဲစိတ်နေမှုအား လေ့လာကြည့်ရှုသည်။



အဆိုပါ မေတ္တာရှင်နာမှုကူညီရေးနှင့် ကုသိုလ်ဖြစ်ဆေးခန်း၊ ဆေးရုံတွင် လူမျိုးဘာသာမရွေး အခမဲ့ မျက်စိခွဲစိတ်ကုသဆောင်ရွက်ပေးမှုကို ဇူလိုင် ၉ ရက်မှ ၁၉ ရက်အထိ ခွဲစိတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်ရှိခွဲစိတ်ကုသပြီး လူနာဦးရေ ၂၀၀ ခန့်ရှိကြောင်း သိရသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဘီးလင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသင်တန်းဖွင့်

**ဘီးလင်း ဇူလိုင် ၁၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်လူမှုဘဝမြှင့်တင်ရန် ရည်ရွယ်၍ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀ ဖြင့် တောင်ကြီးကျေးရွာ၊ ငါးဘတ်ချောင်ကျေးရွာနှင့် ကံကြီးပိုင်ကျေးရွာများတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းကျေးရွာကော်မတီဝင်များအား ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းသင်တန်းပေးခြင်းကို ဇူလိုင် ၁၄ ရက်က ဖွင့်လှစ်ရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**မောင်မွေး**



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဂန့်ဂေါ ဇူလိုင် ၁၅**

ဂန့်ဂေါမြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်ခြင်းများကို ယနေ့မွန်းလွဲပိုင်းက ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်ရဲနိုင်၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဦးရှိုင်းသူ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က မီးဘေးလုံခြုံရေးနှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောသည်။

ထို့နောက် တာဝန်ရှိသူများနှင့် ဈေးသူဈေးသားများပူးပေါင်း၍ မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

**မောင်မျိုးမင်း(ပြန်/ဆက်)**

▼ *ကျောဖုံးမှ*

အမျိုးသားသင်ရိုးသင်ကျောင်းများ၏ ကိုယ်စားလှယ်များတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က ပြောကြားခဲ့သည်။

ပုဂ္ဂလိကသင် ဆရာ ဆရာမများ၏ အရည်အသွေးတိုးတက်လာစေရန် လာမည့်နှစ်မှစ၍ ပညာရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် Diploma in Education ကို ကိုးလအပြည့် တက်ရောက်သင်ကြားရမည်ဖြစ်ပြီး အောင်မြင်သူများကိုသာ Green Card လျှောက်ထား ခွင့်ပြုသွားမည်ဖြစ်သည်။

ကျောင်းအပ်နှံမှုစာရင်းများကို ကျောင်းအပ်နှံမှု(Enrollment)ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ မြို့နယ်ပညာရေးမှူးရုံးများသို့ မှန်ကန်စွာတင်ပြရမည်ဖြစ်ပြီး ကျောင်းမတက်ရောက်ဘဲ ကျောင်းစာရင်းတွင် ထည့်သွင်းထားသည့် ပုဂ္ဂလိကကျောင်းများကို အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ TMK

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၅**

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်တွင် နေရာစိပ်စိပ်၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT) ဖွင့်ပွဲ အခမ်းအနားတက်ရောက်

**မန္တလေး ဇူလိုင် ၁၅**

မန္တလေးတိုင်း ဒေသကြီးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(TOT)ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ဥပဒေချုပ်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သို့ မန္တလေးမြို့ပေါ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူး စုစုပေါင်း ၁၈၀ တက်ရောက်ကြပြီး မြို့နယ်ဥပဒေအရာရှိများက စာတွေ့နှင့်ကိုယ်တွေ့များကို သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မာရဝိဇယဘုရားကြီး၌ သန့်ရှင်းရေးကုသိုလ်ပြုဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

ပြည်ထဲရေးဝန်ကြီးဌာန (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များက နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စုပေါင်းကုသိုလ်ပြုသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အမြန်လမ်းမကြီး ရဲတပ်ဖွဲ့မှူး ဦးစီး၊ အရာရှိ/အရာခံ အကြပ်တပ်သား/ရဲမေ တပ်ဖွဲ့ဝင် ၁၃၀ နှင့် မိသားစုဝင် ၂၅ ဦးတို့သည် ဘုရားကြီးရင်ပြင်တော်၊ ရေပန်းရင်ပြင်၊ ကျောက်စာရုံစေတီရင်ပြင်တို့တွင် ဘုရားပန်းကပ်လှူပူဇော်ခြင်း၊ ကြမ်းတိုက်သန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း အသုံးပြုရန်အတွက် ကြမ်းတိုက် တံမြက်စည်းအချောင်း၂၀၊ အဝတ်ကြမ်းတိုက်တံ အချောင်း ၃၀၊ ရေပုံး ၂၅ ပုံးတို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် ငါးမျိုးစိုက်ထည့်ပွဲတက်ရောက် ဒီးမော့ဆိုမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**လွိုင်ကော် ဇူလိုင် ၁၅**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်သည် ယနေ့နံနက်ပိုင်းတွင် ငါးမျိုးစိုက်ထည့်ပွဲသို့ တက်ရောက်ပြီး ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများနှင့်အတူ နှစ်လက်မအရွယ်အစားရှိ ငါးမြစ်ချင်းကောင်ရေ သုံးသိန်းကို ဘီလူးချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးသည်။ **(အောက်ပုံ)**

ထို့နောက် ဒီးမော့ဆိုမြို့သို့ သွားရောက်၍ ခုတင် (၅၀) ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံ ပြန်လည်ပြုပြင်ရမည့်အခြေအနေ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဈေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံတို့ကိုလည်းကောင်း ငွေတောင်ဆည် ရေထိန်းမျှော်စင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ငွေတောင်ကျေးရွာရှိဒေသနေပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ဆက်လက်၍ ဒီးမော့ဆိုမြို့နယ် ဒေါခလိုက်လင် ရွာတွင်းလမ်း (၁/၀)မိုင် ကတ္တရာခင်းခြင်းနှင့် ဒေါပိုးစီ ရွာတွင်းလမ်း (၁/၀) မိုင်အနက် ၁၅၆၉ ပေအား ကတ္တရာခင်းခြင်းလုပ်ငန်း၊ ဒေါပိုးစီကျေးရွာတွင် ၄၀၀ ဗို့ခွာတ်အားလိုင်း ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

❂ *ကျောဖုံးမှ*

မှတ်တမ်းပိုင်ဆိုင်ခဲ့သည်။

ထို့အပြင် စပိန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုအတွင်း ခြောက်ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်နိုင်ခဲ့သည့် ပထမဆုံး အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ပြင်သစ်အသင်းသည် စပိန်အသင်း၏ တံ့ပြန်ကစားမှုအောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ရှုံးပွဲကြုံတွေ့ကာ ဗိုလ်လုပွဲတက်လှမ်းခွင့် လွဲချော်ခဲ့ရပြီ ဖြစ်သည်။

စပိန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အင်္ဂလန်နှင့် အာဂျင်တီးနားအသင်းတို့ထဲမှ အနိုင်ရရှိမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

❒ *ကျောဖုံးမှ*

ပွဲစဉ် (၅)အပြီးတွင် အား/ကာသိပ္ပံ (ISPE) အသင်းက ရမှတ် ၁၅ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး ရောဝတီနှင့် ရန်ကုန်ယူနိုက်တက် အသင်းက ၁၂ မှတ်စီ၊ ရှမ်းယူနိုက်တက် အသင်းက ၁၀ မှတ်၊ ရတနာပုံ အသင်းက ကိုးမှတ်၊ Young Lionesses အသင်းက ခြောက်မှတ်၊ သစ္စာအားမာန်အသင်းက လေးမှတ်၊ မြဝတီနှင့် ဖွဲ့ကပင်ယူနိုက်တက်အသင်းက သုံးမှတ်စီ ရရှိထားကာ ရန်ကုန်စီးတီးအသင်းမှာမူ ငါးပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ကိုစံ**

**ဓာတ်ပုံ-MWL**

## ထာဝရကုသိုလ်ရယူဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

❖ *ကျောဖုံးမှ*

နီးစပ်ရာနယ်မြေခံတပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိရာ ကရင်ငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့ (KPMF)နှင့် KNLA အဖွဲ့တို့မှ အဖွဲ့ဝင် အမျိုးသား ၄၁ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်ခဲ့ကြပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခြင်းကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းမှူးက တရားဥပဒေများနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် အမ်(၁၆)သေနတ် တစ်လက်၊ အမ်(၄)သေနတ် နှစ်လက်၊ အူဇီသေနတ် တစ်လက်၊ ပွိုင့်-၂၂ လက်လုပ်သေနတ် တစ်လက်၊ လက်လုပ် ကိုးလုံးထိုးကျည်သေနတ် နှစ်လက်၊ Sigsauer ပစ္စတိုသေနတ် သုံးလက်၊ ၉ မမ ပစ္စတိုသေနတ် နှစ်လက်၊ လက်လုပ်ပစ္စတိုသေနတ် တစ်လက်၊ အမ်ဂျီ(၁)လက်ပစ်ဗုံး ၁၀ လုံး၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံး၊ ကျည်အိမ် ၁၁ ခုနှင့် ကျည်မျိုးစုံ ၁၈၈ တောင့်တို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်လင်းမောင်နှင့် တိုင်းမှူးတို့က မောင်းပြန်ရိုင်ဖယ်လေးလက်အတွက် ငွေကျပ်သိန်း ၂၀၀၊ လက်လုပ်သေနတ် သုံးလက်အတွက် ငွေကျပ် ၁၅ သိန်း၊ ပစ္စတိုသေနတ် ငါးလက်အတွက် ငွေကျပ်သိန်း ၁၀၀၊ လက်လုပ်ပစ္စတို သေနတ်တစ်လက်အတွက် ငွေကျပ်ငါးသိန်း၊ အမ်ဂျီ-၁ လက်ပစ်ဗုံး ၁၀ လုံးအတွက် ငွေကျပ်သိန်း ၃၀၊ လမ်းလျှောက်စကားပြောစက် ခြောက်လုံးအတွက် ငွေကျပ် ၁၂ သိန်းနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် ငွေကျပ် ၂၀ သိန်း ၅ သောင်း စုစုပေါင်း ၃၈၂ သိန်း ၅ သောင်းကျပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်း အပ်နှံပေးကြရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့အခမ်းအနားတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လျက် ဒေသတည်ငြိမ်အေးချမ်းရေးကို အမှန်တကယ်လိုလားကြသည့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံခဲ့မှုအနေဖြင့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ၁၀ ဦး၊ လှိုင်းဘွဲမြို့နယ်မှ တစ်ဦး၊ ကမမောင်းမြို့နယ်မှ တစ်ဦး၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်မှ သုံးဦး၊ သထုံမြို့နယ်မှ ကိုးဦး၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်မှ နှစ်ဦး၊ ဒဂုံဆိပ်ကမ်းမြို့နယ်မှ တစ်ဦး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်မှ သုံးဦး၊ တောင်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ မြောက်ဥက္ကလာပမြို့နယ်မှ တစ်ဦး၊ ရန်ကင်းမြို့နယ်မှ နှစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်မှ တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ နှစ်ဦး၊ မိတ္ထီလာမြို့နယ်မှ နှစ်ဦး၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ တစ်ဦး၊ ပန်းတောင်းမြို့နယ်မှ တစ်ဦး စုစုပေါင်း ၄၁ ဦးဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ များစွာကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မွန်ပြည်နယ် MSME Agency One Stop Service Centre ၌ MSME ယာယီမှတ်ပုံတင်လက်မှတ်များ ထုတ်ပေး

**မော်လမြိုင် ဇူလိုင် ၁၅**
မွန်ပြည်နယ် မော်လမြိုင်မြို့တွင် MSME Agency One Stop Service Centre MSME ယာယီမှတ်ပုံတင် လက်မှတ်ထုတ်ပေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရုံး၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း မှတ်ပုံတင်လက်မှတ် (ယာယီ)ပြုလုပ်နေမှုများကို လှည့်လည်ကြည့်ရှု၍ (ယာယီ)မှတ်ပုံတင်လက်မှတ်များ ပေးအပ်ကြသည်။

ထို့နောက် သားဖွားသင်တန်းကျောင်း(မော်လမြိုင်)နှင့် ပညာရေးဒီဂရီကောလိပ် (မော်လမြိုင်) သို့ သွားရောက်၍ သင်တန်းသားသင်တန်းသူများ၏ ဘာသာရပ်အလိုက်သင်ခန်းစာများသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုအားပေး၍ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စည်သူ(မြန်/ဆက်)**




## ဒုတိယဝန်ကြီး ဦးမျိုးမြင့် ချင်းပြည်နယ် ဖလမ်းမြို့၌ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**
ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ယနေ့တွင် ချင်းပြည်နယ် ဖလမ်းမြို့ မြို့တော်ခန်းမ၌ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည့် အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ကော်မတီဝင်များနှင့်အတူ နေရပ်စွန့်ခွာ၍ ပြန်လည်ဝင်ရောက်လာသည့်ပြည်သူ ၂၃၃ ဦးအတွက် ဆန် ၇၂ အိတ်နှင့် ဆီ ၂၇၃ ပိဿာ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများကိုယ်စား မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး လိုအပ်ချက်များကိုတင်ပြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးပြီး အားပေးစကားပြောကြားသည်။

ယင်းနောက် ဖလမ်းမြို့ရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနသို့ရောက်ရှိပြီး ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးထိုးဆောင်ရွက်မှု၊ ငါးနှစ်အောက်ကလေးများ တိုးချဲ့ကာကွယ်ဆေးထိုး ဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီးက တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကာ ဆေးခန်းအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးများကို တစ်ဦးချင်းရင်းရင်းနှီးနှီး အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ယနေ့ထိ ဖလမ်းမြို့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကိုယ်ဝန်ဆောင်မိခင် ၃၄ ဦးနှင့် ငါးနှစ်အောက် ကလေး ၆၂ ဦးအား ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး တီးတိန်၊ တွန်းဇံနှင့် ဖလမ်းမြို့များတွင် ကိုယ်ဝန်ဆောင်မိခင် ၁၅၈၀၂ ဦးနှင့် ငါးနှစ်အောက်ကလေး ၇၇၈၀ အား ကာကွယ်ဆေးထိုးပေးခြင်းများနှင့် အသိပညာပေးခြင်းများကို ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်မှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ငါးနှစ်အောက် ကလေးများအတွက် လိုအပ်သည့်ကာကွယ်ဆေးနှင့် ဆေးပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဘားအံစက်မှုဇုန်ရှိ စက်ရုံအလုပ်ရုံများ ကြည့်ရှုစစ်ဆေး

**ဘားအံ ဇူလိုင် ၁၅**
ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းတွင် ဘားအံစက်မှုဇုန်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ Arrow Auto Engineering Co., Ltd. ၏ SKD စနစ်ဖြင့်လျှပ်စစ်သုံး EV (နှစ်ဘီး/ သုံးဘီး) မော်တော်ဆိုင်ကယ်အမျိုးမျိုး တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့်စက်ရုံသို့သွားရောက်၍ အဆိုပါစက်ရုံအတွင်း တပ်ဆင်ထုတ်လုပ်ပြီး ဈေးကွက်သို့ဖြန့်ဖြူးရန် EV မော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်နေမှု၊ ထုတ်လုပ်ပြီး ယာဉ်များအရည်အသွေးစစ်ဆေးမောင်းနှင်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘားအံစက်မှုဇုန်အတွင်း Thai Fashion Footwear Production & Trading Co.,Ltd. ၏ Thai Fashion ရော်ဘာညှပ်ဖိနပ်စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် ရှိုင်းထူးကုမ္ပဏီ၏ ကူဘိုတာအမှတ်တံဆိပ် လယ်ယာသုံးစက်ပစ္စည်းတပ်ဆင်ထုတ်လုပ်ရေးစက်ရုံ၌ လယ်ယာသုံးကိရိယာများ တပ်ဆင်ထုတ်လုပ်မှုနှင့် ထုတ်လုပ်ပြီးလယ်ယာသုံးပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(မြန်/ဆက်)**




## သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖားစက်ရုံ ပြန်လည်လည်ပတ်ဖွင့်လှစ်

**နေပြည်တော် ဇူလိုင် ၁၅**
ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖားစက်ရုံ ပြန်လည်လည်ပတ်ခြင်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစက်ရုံ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်၊ သီပေါမြို့နယ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ကျောက်မဲခရိုင်နှင့် သီပေါမြို့နယ်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့မီးရထား အထွေထွေမန်နေဂျာ(မြို့ပြ)က ကွန်ကရစ်ဇလီဖားစက်ရုံ (သီပေါ) အား ပြန်လည်လည်ပတ်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး၊ သီပေါမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲ)နှင့် ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးတို့က ကွန်ကရစ်ဇလီဖားစက်ရုံ(သီပေါ)ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးက ကွန်ကရစ်ဇလီဖားစက်ရုံ (သီပေါ) ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ စက်ရုံအတွင်း ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မန္တလေး-လားရှိုးရထားလမ်းပိုင်း အဆင့်မြှင့်တင်ပြုပြင်ထိန်းသိမ်းရာတွင် လိုအပ်လျက်ရှိသည့် ကွန်ကရစ်ဇလီဖားများအား မန္တလေး-လားရှိုးရထားလမ်းပိုင်းတွင်အသုံးပြု၍ ပြန်လည်ပြေးဆွဲနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ရထားများပြန်လည်ပြေးဆွဲလျှင် ဒေသခံပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်မည်ဖြစ်ပြီး ဒေသထွက်ကုန်ပစ္စည်းများအား ကုန်ကျစရိတ်သက်သာစွာဖြင့် များများနှင့်မြန်မြန် သယ်ယူပို့ဆောင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့။**
**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

## သာစည်လမ်းမှ စက်ပစ်တောင်လမ်းအထိ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၁၅**
မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးသိန်းဝင်းတို့က မိတ္ထီလာမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၁၀၇ ဒသမ ၈၃၂ သန်းဖြင့် ဌာနမှ တာဝန်ယူ၍ သာစည်လမ်းမှ စက်ပစ်တောင်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၉ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကမ္ဘာ့နန်းသက်အရှည်ဆုံး ဘရူနိုင်းဘုရင်၏ အသက် (၈၀) ပြည့်မွေးနေ့ ကျင်းပ



**ဘန်ဒါဆီရီဘီဂါဝန် ဇူလိုင် ၁၅**

ကမ္ဘာပေါ်တွင် နန်းသက်အရှည်ဆုံး ဘုရင်ဖြစ်သည့် ဘရူနိုင်းနိုင်ငံ ဆူလ်တန် ဟက်ဆာနယ် ဘိုလ်ကီးယားဂ၏ အသက် (၈၀) ပြည့်မွေးနေ့ အခမ်းအနားကို ဇူလိုင် ၁၅ ရက်တွင် ဘရူနိုင်းနိုင်ငံ မြို့တော် ဘန်ဒါဆီရီ ဘီဂါဝန်၌ ကျင်းပခဲ့သည်။

ဘိုလ်ကီးယားသည် ၁၉၆၇ ခုနှစ် အသက် ၂၁ နှစ်အရွယ်တွင် ဆူလ်တန် (ဘုရင်) အဖြစ် နန်းတင်ခံခဲ့ရသည်။ ဗြိတိန်ဘုရင်မ ဒုတိယ မြောက် အဲလိဇဘက် ကွယ်လွန်ပြီးနောက် ၎င်းသည် ကမ္ဘာပေါ်တွင် နန်းသက်အရှည်ဆုံး ဘုရင်ဖြစ်လာခဲ့သည်။

ထို့ပြင် ၎င်းသည် ဘရူနိုင်းနိုင်ငံဝန်ကြီးချုပ်အဖြစ် တာဝန် ထမ်းဆောင်လျက်ရှိသကဲ့သို့ ကာကွယ်ရေးဝန်ကြီးနှင့် ဘဏ္ဍာရေးဝန်ကြီး ရာထူးများကိုလည်း တစ်ပြိုင်နက်တည်း တာဝန်ယူထားသည်။

ဘရူနိုင်းနိုင်ငံ၌ လူဦးရေ ၄၆၀၀၀၀ ခန့် နေထိုင်ကြပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းများသည် နိုင်ငံ၏ အဓိက စီးပွားရေးကဏ္ဍ ဖြစ်သည်။ ဘိုလ်ကီးယား၏ သားအကြီးဆုံးကို အိမ်ရှေ့မင်းသားအဖြစ် ၁၉၉၈ ခုနှစ်တွင် တရားဝင်ကြေညာထားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## နယူးယောက်၌ ဒေတာစင်တာအသစ်များတည်ဆောက်ရန် ခွင့်ပြုမိန့်တစ်နှစ် ဆိုင်းငံ့

**နယူးယောက် ဇူလိုင် ၁၅**

အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်၌ ဒေတာစင်တာကြီးများ အသစ်တည်ဆောက်ရန် ခွင့်ပြုမိန့်ကို တစ်နှစ်အထိ ဆိုင်းငံ့သွားမည်ဖြစ်သည်။ လျှပ်စစ်ဓာတ်အား ကုန်ကျစရိတ်မြင့်မားခြင်းနှင့် ရေပြတ်လပ်မှု ပြဿနာကို ဖြေရှင်းရန် ယာယီဆိုင်းငံ့ခြင်း ဖြစ်ပြီး နယူးယောက် အုပ်ချုပ်ရေးမှူး ကေသီဟိုချူလ် က ဇူလိုင် ၁၄ ရက်တွင် ယာယီဆိုင်းငံ့သည့် အမိန့်ကို လက်မှတ်ရေးထိုး ခဲ့သည်။




နယူးယောက်ပြည်နယ်သည် ဒီဂျစ်တယ် လုပ်ငန်းများနှင့် ဉာဏ်ရည်တုနည်းပညာ အတွက် အခြေခံအဆောက်အအုံဖြစ်သည့် ဒေတာစင်တာ ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော အရာများတွင် မထင်မှတ်ထားသည့် အခက်အခဲများ၊ လိုအပ်ချက်များ ကြုံတွေ့နေရကြောင်း အမိန့်တွင် ဖော်ပြထားသည်။

ကွန်ပျူတာဆာဗာများကို လည်ပတ်ရန် အတွက် အအေးပေးစနစ်ဆိုင်ရာ လျှပ်စစ်စွမ်းအင်များနှင့် ရေအမြောက် အမြားသုံးစွဲရန် လိုအပ်ချက်တို့ကြောင့် ကုန်ကျစရိတ်များ အလွန်မြင့်တက်လာကြောင်း ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**

## ဂျပန်နိုင်ငံ၌ တစ်ပတ်ရစ်စမတ်ဖုန်း ရောင်းချရမှု စံချိန်တင်မြင့်တက်

**တိုကျို ဇူလိုင် ၁၅**

ဂျပန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း တစ်ပတ်ရစ် စမတ်ဖုန်းရောင်းချရမှုမှာ ခုနစ်လ ဆက်တိုက် စံချိန်တင် မြင့်တက်လျက်ရှိသည်။ ဆီမီးကွတ်ဒတ်တာဝယ်လိုအား မြင့်တက်လာခြင်း၊ ယန်းငွေတန်ဖိုး ကျဆင်းခြင်းတို့ကြောင့် စမတ်ဖုန်းအသစ်များ၏ ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး တစ်ပတ်ရစ်စမတ်ဖုန်းများကို လူကြိုက်များလာစေခြင်း ဖြစ်ကြောင်း သိရသည်။

ယခုနှစ်မတ်လအထိ တစ်နှစ်တာကာလအတွင်း တစ်ပတ်ရစ် စမတ်ဖုန်း ရောင်းချရမှုမှာ အလုံးရေ ၃၆၀၇၀၀၀ အထိ ရောက်ရှိခဲ့ပြီး ယခင်နှစ်ကထက် ၁၂ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကြောင်း MM သုတေသနအဖွဲ့က ပြောသည်။ အဆိုပါ အဖွဲ့က ၂၀၂၉ ခုနှစ်တွင် တစ်ပတ်ရစ် စမတ်ဖုန်း ရောင်းချရမှုမှာ အမြင့်ဆုံးငါးသန်းအထိ ရှိလာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။




ထို့ပြင် အဆိုပါအဖွဲ့၏ စစ်တမ်းတစ်ခုအရ ဇန်နဝါရီလအထိ သုံးစွဲသူများသည် စမတ်ဖုန်းအသစ် တစ်လုံးအတွက် ပျမ်းမျှ ယန်းငွေ ၇၈၇၇၁ (အမေရိကန်ဒေါ်လာ ၄၉၀ ခန့်) သုံးစွဲခဲ့ရကြောင်း၊ ယင်းမှာ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလကထက် ၃၀ ရာခိုင်နှုန်းဝန်းကျင် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## ငွေကြေးဖောင်းပွမှု တိုက်ဖျက်ရန် ငွေကြေးမူဝါဒ အလွန်အရေးပါဟု အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ပြောကြား

**ဝါရှင်တန် ဇူလိုင် ၁၅**

အမေရိကန်ဗဟိုဘဏ်ဥက္ကဋ္ဌ ကယ်ဗင် ဝါရှ်က ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်ရာတွင် ငွေကြေးမူဝါဒသည် အလွန်အရေးပါကြောင်းနှင့် ငွေကြေးမူဝါဒကို မှန်ကန်စွာချမှတ်နိုင်ပါက မကြာသေးမီနှစ်များအတွင်း ဖြစ်ပွားခဲ့သည့် ငွေကြေးဖောင်းပွမှု မြင့်တက်မှုသည် အတိတ်က ဖြစ်ရပ်တစ်ခုဖြစ်လာမည်ဟု ပြောကြားခဲ့သည်။

ရေရှည်တွင် ကုန်ဈေးနှုန်းများ မည်မျှ မြင့်တက်မည်ကို ဗဟိုဘဏ်၏ ငွေကြေးမူဝါဒက အဓိကဆုံးဖြတ်ပေးကြောင်းနှင့် ဗဟိုဘဏ် အနေဖြင့် ရေရှည်အဆက်မပြတ် မြင့်မားနေသည့် ငွေကြေးဖောင်းပွမှုကို ခွင့်ပြုလက်ခံသွားမည်မဟုတ်ကြောင်း၊ ကုန်ဈေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝါရှ်က ယမန်နေ့က အမေရိကန် အောက်လွှတ်တော် ဘဏ္ဍာရေးဝန်ဆောင်မှုကော်မတီ၌ ပြောကြားသည်။

ထို့ပြင် အမေရိကန်ဗဟိုဘဏ်သည် AI ကဏ္ဍတွင် အရှိန်အဟုန်ဖြင့် တိုးတက်လာနေသည့် ရင်းနှီးမြှုပ်နှံမှုများနှင့် ယင်းရင်းနှီးမြှုပ်နှံမှုများက အလုပ်အကိုင်နှင့် ငွေကြေးဖောင်းပွမှု အပေါ် မည်သို့သက်ရောက်နိုင်သည်ကို အနီးကပ်စောင့်ကြည့်လျက်ရှိကြောင်း ထပ်မံ ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်၌ မုတ်သုံမိုးကြောင့် လူ ၅၄ ဦး သေဆုံး

**ဒါကာ ဇူလိုင် ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ မုတ်သုံမိုး ရက်ပေါင်းများစွာ ဆက်တိုက်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားခဲ့ရာ ၅၄ ဦး သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

လွန်ခဲ့သည့် သီတင်းပတ်ကတည်းက မိုးဆက်တိုက်ရွာသွန်းခဲ့သဖြင့် နိုင်ငံတစ်ဝန်းနေရာအများအပြားတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ပြီး နိုင်ငံတောင်ပိုင်းတွင်လည်း မြေပြိုမှုကြောင့် ကလေးငယ်များအပါအဝင် ၁၆ ဦး သေဆုံးခဲ့သည်။

တောင်ကုန်းထူထပ်သည့်ဒေသများတွင် မြေပြိုကျမှုနှင့် အခြား အပျက်အစီးများကြောင့် လမ်းများပျက်စီးခဲ့ပြီး ဒေသအချို့တွင် ဆက်သွယ်ရေး ပြတ်တောက်မှုများဖြစ်ပေါ်ခဲ့သည်။ အာဏာပိုင်များက ထိခိုက်ပျက်စီးခဲ့သည့် ဒေသများသို့ အစားအသောက်နှင့် ဆေးဝါးများ ပံ့ပိုးပေးနိုင်ရေး အရေးပေါ်ဆောင်ရွက်လျက်ရှိသည်။ ဘင်္ဂလားဒေ့ရှ်နှင့် အရှေ့တောင်အာရှဒေသတစ်ဝန်း မုတ်သုံရာသီဝင်ရောက်နေသဖြင့် မိုးပိုမိုရွာသွန်းနိုင်ရာ ဒေသခံများအား သတိထားနေထိုင်ရန် အာဏာပိုင်များက တိုက်တွန်းထားသည်။ **အင်န်အိတ်ချ်ကေ**

## ချဒ်နိုင်ငံ၌ ကလေးငယ် ခုနစ်သန်းကျော် ပိုလီယိုကာကွယ်ဆေး လွှမ်းခြုံနိုင်ခဲ့

**အန်ဂျာမီနာ ဇူလိုင် ၁၅**

ချဒ်နိုင်ငံ၏ ပထမဆုံးသော အကြီးမားဆုံး ကျန်းမာရေးလှုပ်ရှားမှုအဖြစ် ကလေးခုနစ်သန်းကျော်ကို ပိုလီယိုကာကွယ်ဆေးပေးရေး လှုပ်ရှားမှုအောင်မြင်စွာ ပြီးဆုံးခဲ့ကြောင်းသိရသည်။ မူလက ကလေး ခြောက်သန်းကို ကာကွယ်ဆေးပေးအပ်ရန် ရည်မှန်းထားသော်လည်း ယခုဆောင်ရွက်မှုသည် ရည်မှန်းထားသည်ထက် ကျော်လွန်လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ကာကွယ်ဆေး၊ ရောဂါထိန်းချုပ်ရေးနှင့်ကပ်ရောဂါစောင့်ကြည့်ရေးဌာန ညွှန်ကြားရေးမှူး အဗ္ဗဒူလိုင်း အန်နာဝါက ဇူလိုင် ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၁၆ ခုနှစ်တွင် ချဒ်နိုင်ငံကို ပိုလီယိုကင်းစင်ကြောင်း ကြေညာခဲ့သော်လည်း ပိုလီယိုအမျိုးအစား ၂ မှ ဆင်းသက်လာသည့် ပိုလီယိုရောဂါဖြစ်ပွားမှု ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ **ဆင်ဟွာ**

## လမ်းပန်းဆက်သွယ်ရေး မတော်တဆမှုများကြောင့် ဇွန်လအတွင်း လူ ၅၀၀ ကျော် သေဆုံး

**ဒါကာ ဇူလိုင် ၁၅**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပြီးခဲ့သည့် ဇွန်လအတွင်း ကုန်းလမ်း၊ ရထားလမ်းနှင့် ရေလမ်းမတော်တဆမှုပေါင်း ၅၉၀ ဖြစ်ပွားခဲ့ရာ လူပေါင်း ၅၁၃ ဦး သေဆုံးပြီး ၁၃၃၆ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဇူလိုင် ၁၄ ရက် အစီရင်ခံစာအရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဇွန်လအတွင်း လမ်းပိုင်းဆိုင်ရာ မတော်တဆမှုပေါင်း ၅၃၂ ခုဖြစ်ပွားခဲ့ရာ ၄၆၃ ဦး သေဆုံးပြီး ၁၃၂၃ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ရထားလမ်းနှင့်ဆက်နွယ်သော မတော်တဆမှုပေါင်း ၅၃ ခုတွင် သေဆုံးသူ ၄၅ ဦးနှင့် ရှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရေလမ်းနှင့်ဆက်နွယ်သော မတော်တဆမှု ငါးခုတွင် သေဆုံးသူငါးဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ငါးဦးရှိကြောင်း ခရီးသည်များ သက်သာချောင်ချိရေးအသင်းက ထုတ်ပြန်ထားသည်။

မတော်တဆမှုဖြစ်ပွားစေသည့် အဓိကအကြောင်းရင်းများတွင် မိုးရွာသွန်းမှုကြောင့် လမ်းများပျက်စီးကာ ချိုင့်ခွက်များဖြစ်ပေါ်ခြင်း၊ လမ်းလယ်ကျွန်းနှင့် လမ်းညွှန်ဆိုင်းဘုတ်များ မရှိခြင်းကဲ့သို့ လမ်းပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများ လိုအပ်ချက်ရှိခြင်း၊ ကြံ့ခိုင်မှုမပြည့်ဝသောယာဉ်များကို အန္တရာယ်ရှိစွာ မောင်းနှင်အသုံးပြုခြင်းစသည်တို့ ပါဝင်သည်။ **ဆင်ဟွာ**

## တက္ကဆက်မှ ဆစ်ဒနီသို့ ဆိုက်ကပ်သည့် ကုန်သင်္ဘောပေါ်၌ ကိုကင်း ကီလို ၅၀၀ ကျော် သိမ်းဆည်းရမိ

**ဆစ်ဒနီ ဇူလိုင် ၁၅**

ဩစတြေးလျအာဏာပိုင်များသည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်မှ ဆစ်ဒနီသို့ရောက်ရှိလာသည့် ကုန်တင်သင်္ဘော ကွန်တိန်နာအတွင်းမှ ကိုကင်း ၅၀၀ ကီလိုဂရမ်ကျော်ကို သိမ်းဆည်း ရရှိခဲ့သည်။

ဇူလိုင် ၁၃ ရက်က ကွန်တိန်နာအတွင်း သံသယဖြစ်ဖွယ် အထုပ်များ တွေ့ရှိခဲ့ကြောင်း၊ နောက်ဆက်တွဲရှာဖွေမှုတွင် အိတ်ကြီး ၁၄ လုံးကို ထပ်မံတွေ့ရှိခဲ့ကြောင်း ဩစတြေးလျဖက်ဒရယ်ရဲတပ်ဖွဲ့နှင့် ဩစတြေးလျနယ်စပ်စောင့်တပ်ဖွဲ့တို့က ဇူလိုင် ၁၅ ရက်တွင် ပြောသည်။

ခန့်မှန်းခြေ ဩစတြေးလျဒေါ်လာ ၄၀၀ ဒသမ ၅ သန်း တန်ကြေးရှိသည့် ကိုကင်းစုစုပေါင်း ၅၃၄ ကီလိုဂရမ်ကို သိမ်းဆည်းရရှိခဲ့ကြောင်း ဩစတြေးလျ ဖက်ဒရယ်ရဲတပ်ဖွဲ့က ပြောသည်။ **ဆင်ဟွာ**

## ချောင်းဆုံမြို့နယ်၌ မိုးစပါးကေ ခြောက်သောင်းခွဲစိုက်ပျိုးရန် လျာထားဆောင်ရွက်

**ချောင်းဆုံ ဇူလိုင် ၁၅**
မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေး၊ ဗမာတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဦးမျိုးမင်းလှိုင်တို့သည် ချောင်းဆုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲကို ဇူလိုင် ၁၅ ရက်က တွေ့ဆုံခဲ့ပြီး ပြည်နယ်ဝန်ကြီးက ချောင်းဆုံမြို့နယ်အတွင်း မိုးစပါးလျာထားကေ ၆၅၃၀၉ ကေရှိပြီး ၅၂၇၈၁ ကေ စိုက်ပျိုးပြီးစီးကြောင်း၊ တောင်သူများ လုပ်မြေမရှိစေရေး အလေးထား ဆောင်ရွက်ကြရန်လိုကြောင်းနှင့် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးကြရန် လိုအပ်ကြောင်း အမှာစကား ပြောကြားသည်။



ထို့နောက် မြေယာများ စီမံခန့်ခွဲမှု၊ တောင်သူများနှင့် စိုက်ပျိုးရေး ဝန်ထမ်းများဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားပြီး ဒေသခံများက ဆန်စပါးဈေးနှုန်း တည်ငြိမ်ရေးအတွက် နိုင်ငံတော်က ထိန်းသိမ်းဆောင်ရွက်ပေးရန်တင်ပြခဲ့ကြောင်း သိရသည်။ **ကိုကျော်(ချောင်းဆုံ)**

## အလုံမြို့နယ်၌ အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေး လူထုလှုပ်ရှားမှုပြုလုပ်

**ရန်ကုန် ဇူလိုင် ၁၅**
ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၇)အခြေခံပညာ အထက်တန်းကျောင်း သဇင်ခန်းမ၌ ယမန်နေ့က အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေး လူထုလှုပ်ရှားမှု ဟောပြောပွဲကျင်းပရာ ပြည်တွင်းအခွန်များဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက အခွန်၏အဓိပ္ပာယ်၊ အခွန်အခများအကြောင်း၊ အခွန်ကောက်ခံရခြင်း၏ ရည်ရွယ်ချက်များ၊ နိုင်ငံတော်၏ အခွန်အကောက်ဖွဲ့စည်းထားရှိမှုများ၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများအား စနစ်တကျ ရှင်းလင်းဟောပြောခဲ့သည်။ အဆိုပါဟောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူ ၂၀၀ တက်ရောက်ခဲ့သည်။ **ခိုင်စိုး**



## ရွှေတောင်မြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် ရေဆင်းပေါ်ဆန်း(၁)စပါးမျိုး စိုက်ပျိုး

**ရွှေတောင် ဇူလိုင် ၁၅**
ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ခရိုင်စိုက်ပျိုးရေး မွေးမြူရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးအောင်ကျော်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး မွေးမြူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများက ယမန်နေ့က ရွှေတောင်မြို့နယ် မင်းရွာကွင်းအတွင်းရှိ တောင်သူဦးသန်းစိုး၏ လယ်မြေနှစ်ကေတွင် ရေဆင်းပေါ်ဆန်း(၁) စပါးမျိုးအား ပျိုးဗန်းဖြင့် ပျိုးထောင်၍ လက်ဆွဲကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းနှင့် အဆိုပါကွင်းအတွင်းရှိ မိုးစပါးစိုက်ကေ ၁၀၀ တို့အား ရေဆင်းပေါ်ဆန်း(၁) စပါးမျိုးကို စံပြစိုက်ခင်းအဖြစ် စိုက်ပျိုးနေမှုကို ကွင်းဆင်းကြည့်ရှုသည်။



ထို့နောက် ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာများအား အချိုးကျ ရောနှောအသုံးပြုရန်၊ စိုက်နည်းစနစ်မှန်ကန်ရေးတို့ကို တောင်သူများက လက်တွေ့သိရှိလိုက်နာဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားသည်။ **ကိုကိုမင်း(ပြန်/ဆက်)**

## သဘာဝဘေးအန္တရာယ် ကြုံတွေ့ပါက တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး

**တံတားဦး ဇူလိုင် ၁၅**
မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာ ဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးသူငယ်များအတွက် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး အခမ်းအနားကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူအောင်က အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် တာဝန်ရှိသူများက ဘေးအန္တရာယ် ကြုံတွေ့ရပါက ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းများအား လေ့လာကြည့်ရှုကြပြီး ကလေးငယ်များ၏ ပါဝင်လှုပ်ရှားဆောင်ရွက်မှုများကို အားပေးခဲ့ကြသည်။ **ရဲတင့်(ပြန်/ဆက်)**





မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၁၅၂ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက်က မလွန်အထက မြရောခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးသိုက်စိုးဦးနှင့် ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမင်းသိန်း အမှာစကားပြောကြားစဉ်။ ဝင်းမြတ်(အထက်မင်းလှ)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## မြန်မာ့အလင်း အယ်ဒီတာ့ထံပေးစာ

### EV ဘတ်စ်ကားများ ပုဗ္ဗသီရိ (နေပြည်တော်ဘူတာကြီး)-တပ်ကုန်းခရီးစဉ်များပါ တိုးချဲ့ပြေးဆွဲပေးစေလို

သို့
အယ်ဒီတာရှင့်

ယခုရက်ပိုင်းအတွင်း နေပြည်တော်-ပျဉ်းမနား EV ဘတ်စ်ကားများ စတင်ပြေးဆွဲပေးနေသည်ကို မြင်တွေ့ရပါသည်။ ခရီးသွားပြည်သူများအတွက် အလွန်အဆင်ပြေသည့် အစီအမံဖြစ်ပြီး လုံခြုံစိတ်ချမ်းမြေ့စွာနှင့် ဈေးနှုန်းသက်သာစွာ စီးနင်းခွင့်ရရှိသည့်အတွက် ကျေးဇူးလည်းတင်ရှိပါသည်။ ထို့အတူ ထပ်မံတိုးချဲ့၍ နေပြည်တော်-ပျဉ်းမနား- ပုဗ္ဗသီရိ (နေပြည်တော်ဘူတာကြီး)-တပ်ကုန်းခရီးစဉ်ကိုလည်း တိုးချဲ့ပြေးဆွဲပေးနိုင်ရေး တောင်းဆိုလိုပါသည်။ အဘယ့်ကြောင့်ဆိုသော် ပုဗ္ဗသီရိမြို့နယ်သည် နေပြည်တော်ဘူတာကြီးရှိသည့်မြို့နယ်ဖြစ်သော်လည်း အများပြည်သူသုံးဘတ်စ်ကားများ ပြေးဆွဲပေးခြင်းမရှိသောကြောင့် သွားလာရေးတွင် အခက်အခဲကြုံတွေ့နေရပါသည်။ ဇေယျာသီရိမြို့နယ်သည်လည်း ရန်ကုန်-မန္တလေးလမ်းဟောင်းပေါ်မှ အဝေးပြေးကားများ ပြေးဆွဲလျက်ရှိသော်လည်း စီးနင်းခသတ်သတ်မှတ်မှတ်မရှိ ဈေးမြင့်ခြင်းနှင့် ကားအစီးရေနည်းပါးခြင်းကြောင့် ကျန်းမာရေး၊ ပညာရေးနှင့် အခြားအရေးပေါ်ကိစ္စရပ်များအတွက် သွားလာရေးအခက်အခဲကြုံတွေ့နေရသဖြင့် အဆိုပါမြို့နယ်များအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူများအဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် EV ဘတ်စ်ကားများ အမြန်ဆုံးပြေးဆွဲပေးနိုင်ပါရန် မြန်မာ့အလင်းသတင်းစာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။

**ဇေယျာသူ**

### အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့လိုပါလျှင်

အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသား၍ အယ်ဒီတာ့ထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ် (၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နှင့် အီးမေးလ်လိပ်စာ- mmalin.npt@gmail.com သို့ အယ်ဒီတာ့ထံပေးစာကဏ္ဍဟု ခေါင်းစဉ်တပ်၍ လိပ်မူပေးပို့နိုင်ပါသည်။

## မုဒုံမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မုဒုံ ဇူလိုင် ၁၅**
မုဒုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျိုက်မရောမြို့နယ်ဥပဒေရုံးတို့ ပူးပေါင်းဖွင့်လှစ်သော ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယမန်နေ့က မုဒုံမြို့နယ် ရွှေဟသ်ာခန်းမ၌ ပြုလုပ်ရာ မွန်ပြည်နယ်ဥပဒေချုပ် ဒေါ်မိသန္တာမြင့်က အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ မော်လမြိုင်ခရိုင် ဥပဒေအရာရှိက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း ရှင်းလင်းပြောကြားကာ သင်တန်းကို မော်လမြိုင်ခရိုင်နှင့် မုဒုံမြို့နယ်ဥပဒေရုံးတို့မှ ဥပဒေအရာရှိများက မုဒုံမြို့နယ်အတွင်းမှ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၄၂ ဦးတို့အား ဥပဒေရေးရာဘာသာရပ်များ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



# မော်တော်ယာဉ် (ဝယ်ယူ/ရောင်းချ) ခြင်းအပေါ် အလိုအလျောက် တန်ဖိုးစိစစ် အခွန်တွက်ချက်ပေးဆောင်နိုင်မည့် VAVS စနစ်

**ပြည့်ဖြိုးအောင်(ပြည်တွင်းအခွန်များဦးစီးဌာန)**

ပြည်တွင်းအခွန်များဦးစီးဌာနသည် အများပြည်သူ နိုင်ငံတော်သို့ အခွန်ပေးဆောင်မှုဆိုင်ရာ လုပ်ငန်းစဉ်များကို ဝန်ဆောင်မှုပေးရာတွင် ယခင်ကထက် ပိုမိုလွယ်ကူလျင်မြန်၍ အဆင်ပြေချောမွေ့စွာ အီလက်ထရောနစ်နည်းလမ်းဖြင့် အခွန်ဆိုင်ရာဝန်ဆောင်မှု ပေးနိုင်မည့် စနစ်များကို လေ့လာ၍ စီမံချက်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်နိုင်ရေး အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ ကြိုးပမ်းလုပ်ဆောင်လျက်ရှိရာ မော်တော်ယာဉ် တန်ဖိုး အလိုအလျောက်စိစစ် အခွန်တွက်ချက် ပေးဆောင်မှုစနစ် (Vehicle Automatic Valuation System– VAVS) ကို ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**မော်တော်ယာဉ်များဝယ်ယူ/ ရောင်းချမှုအပေါ် နိုင်ငံတော်သို့ အခွန်ပေးဆောင်ခြင်း**

မိမိတို့ နိုင်ငံအတွင်းရှိ မော်တော်ယာဉ်များအား ဝယ်ယူခြင်း/ ရောင်းချခြင်းများ လုပ်ဆောင်ခြင်းအတွက် သက်ဆိုင်ရာအခွန်ရုံးများသို့ သွားရောက်၍ အခွန်ဆိုင်ရာကိစ္စရပ်များ စိစစ်မှုခံယူ၍ နိုင်ငံတော်သို့ အခွန်ပေးဆောင်မှုဆိုင်ရာလုပ်ငန်းစဉ်များကို လုပ်ဆောင်လျက် ရှိကြပါသည်။ ထိုကဲ့သို့ စည်းကြပ်မှုကိစ္စရပ်များဆောင်ရွက်၍ နိုင်ငံတော်သို့ ကျသင့်အခွန်များ ပေးဆောင်ပြီးမှသာ သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ သွားရောက်၍ အမည်ပြောင်းလဲခြင်း၊ မော်တော်ယာဉ်သက်တမ်းတိုးမြှင့်ခြင်းလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်ကြရပါသည်။

သို့ဖြစ်ရာ မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာအခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက်ရခြင်း၊ မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် သတ်မှတ်စာရွက်စာတမ်းများကို ပြင်ဆင်ရခြင်း၊ လိုအပ်သည့် အခွန်စည်းကြပ်မှုဆိုင်ရာကိစ္စရပ်များကို အချိန်ယူဆောင်ရွက်

> ❝ စက္ကန့်ပိုင်းအတွင်း မိမိ၏ မော်တော်ယာဉ်တန်ဖိုးကို စနစ်ကသတ်မှတ်ထားသည်နှင့်အညီ ကိုယ်တိုင် စိစစ်တွက်ချက်သတ်မှတ်နိုင်သောကြောင့် ယခင်က ရက်အတော်ကြာအောင် အချိန်ပေးဆောင်ရွက်ရသည့် အချိန်နှင့် လုပ်အားကုန်ကျမှုကို လျှော့ချပေးနိုင်ခြင်းဟူသည့် အကျိုးကျေးဇူးကို ရရှိစေနိုင်မည် ❞




> ❖ **မော်တော်ယာဉ်တစ်စီး ရောင်းချခြင်း/ ဝယ်ယူခြင်းလုပ်ဆောင်ပြီးနောက် ကျသင့်အခွန်ပေးဆောင်ရန် ပြင်ဆင်သည့်အခါ အခွန်ထမ်းမိဘပြည်သူတစ်ဦးအနေဖြင့် မြို့နယ်အခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ အခွန်စိစစ်ခြင်းကိစ္စရပ်များဆောင်ရွက်ရန် မလိုအပ်တော့ပါ။ အဆိုပါစနစ်ကို နိုင်ငံအတွင်း အင်တာနက်ရရှိသည့် မည်သည့်နေရာဒေသမဆို ဝင်ရောက်အသုံးပြုခြင်းအားဖြင့် မိမိ၏မော်တော်ယာဉ်တန်ဖိုးအပေါ် ဘက်လိုက်မှုမရှိသော တိကျသည့်တန်ဖိုး သတ်မှတ်မှုတစ်ခုကို ရရှိစေမည်**

ရခြင်းတို့အတွက် အဆိုပါလုပ်ငန်းစဉ် ပြီးဆုံးအောင် လုပ်ဆောင်နိုင်ရေး ရက်အနည်းငယ် အချိန်ပေးဆောင်ရွက်ကြရပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းမိဘပြည်သူများ အခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက်လုပ်ဆောင်ရသည့် အခွန်ပေးဆောင်မှုအဆင့်ဆင့်အပေါ် အချိန်ကြာမြင့်မှုကို လျှော့ချနိုင်စေရေး၊ မလိုလားအပ်သည့်ဖြစ်စဉ်များ မဖြစ်ပေါ်စေရေး၊ နိုင်ငံတော်သို့ ကျသင့်အခွန်ပေးဆောင်ရာတွင် လျော့နည်းပေးဆောင်မှုများမရှိစေရေး၊ ကျသင့်အခွန်ကို ကိုယ်တိုင်တွက်ချက်၍ ပိုမိုလွယ်ကူစွာ နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်နိုင်ရေး အစရှိသည့် ရည်ရွယ်ချက်ကောင်းများစွာဖြင့် VAVS စနစ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

**မော်တော်ယာဉ် (ဝယ်ယူ/ရောင်းချ) ခြင်းအပေါ် အလိုအလျောက် စိစစ်အခွန်တွက်ချက် ပေးဆောင်မှုစနစ် (VAVS–Vehicle Automatic Valuation System) ဆိုသည်မှာ**

VAVS စနစ်အား အလွယ်တကူနားလည်စေရန် ရှင်းလင်းတင်ပြရမည်ဆိုပါက မော်တော်ယာဉ်တစ်စီးအပေါ် တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ်ကို အလိုအလျောက်စိစစ်တွက်ချက် လုပ်ဆောင်ပေးသည့်စနစ်တစ်ခုဟု သဘောပေါက်နားလည်နိုင်ပါသည်။ အခွန်ထမ်းပြည်သူများအနေဖြင့် ပြည်ပမှ တင်သွင်းလာသော မော်တော်ယာဉ်များ၊ ပြည်တွင်း၌ တပ်ဆင်ထုတ်လုပ်သော မော်တော်ယာဉ်များ၊ ပြည်တွင်း၌ ဝယ်ယူရောင်းချခြင်းများပြုလုပ်သည့် မော်တော်ယာဉ်များအတွက် အခွန်စည်းကြပ်မှုခံယူရာတွင် VAVS စနစ်အတွင်းသို့ ဝင်ရောက်တွက်ချက်၍ သတ်မှတ်တန်ဖိုးအတိုင်း ကျသင့်အခွန်ငွေကို e–Payment ဖြင့် နိုင်ငံတော်သို့ တိုက်ရိုက်အခွန်ပေးဆောင်နိုင်မည့်စနစ်ဖြစ်ပါသည်။

မော်တော်ယာဉ်နှင့်သက်ဆိုင်သည့် အချက်အလက်များ၊ အရောင်း/ အဝယ်ပြုလုပ်သည့် အချက်အလက်များ၊ ယာဉ်ပိုင်ရှင်၏ သက်ဆိုင်ရာအချက်အလက်များ အစရှိသည်တို့ကို အွန်လိုင်းမှတစ်ဆင့် VAVS စနစ်တွင် မှန်မှန်ကန်ကန် ဝင်ရောက်ဖြည့်စွက်၍ အလိုအလျောက် တန်ဖိုးစိစစ်တွက်ချက်ခြင်းနှင့် ချိတ်ဆက်ထားသော Online Payment များအနက် မိမိတို့ကြိုက်နှစ်သက်ရာ Online ငွေပေးချေမှုစနစ်တစ်ခုခုကို ရွေးချယ်ပေးဆောင်စေခြင်းတို့ကို One Stop Service လုပ်ဆောင်နိုင်မည့်စနစ်တစ်ခုလည်း ဖြစ်ပါသည်။

သို့မှသာ အွန်လိုင်းမှတစ်ဆင့် နိုင်ငံတော်သို့ တိုက်ရိုက်ကျသင့်အခွန်ငွေ ပေးဆောင်ပြီးသည့်အခါ အခွန်ထမ်းမိဘပြည်သူအနေဖြင့် မိမိဖြည့်စွက်ခဲ့သည့် မိုဘိုင်းလက်ကိုင်ဖုန်းနံပါတ်သို့ **VAVS စနစ်မှ အခွန်ပေးဆောင်မှုလုပ်ငန်းစဉ်ပြီးမြောက်အောင်မြင်ကြောင်း SMS တစ်စောင်**ရောက်ရှိလာမည် ဖြစ်ပါသည်။ ထို့အပြင် လက်ရှိလုပ်ဆောင်နေရသည့် **အခွန်စိစစ်ပြီးကြောင်းထောက်ခံချက် QR ပုံစံ**ကို စနစ်အတွင်းမှ အလွယ်တကူထုတ်ယူရရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါ QR ပုံစံကို ကြည်လင်ပြတ်သားစွာ ထုတ်ယူ၍ သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တင်ပြပြီး မော်တော်ယာဉ်မှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း၊ အမည်ပြောင်းလဲခြင်းလုပ်ငန်းစဉ်များကို ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

**VAVS စနစ်အကောင်အထည်ဖော်ဆောင်ခြင်းကြောင့် ရရှိလာနိုင်သည့် အကျိုးကျေးဇူးများ**

စနစ်စတင်ပြီးပါက အကျိုးကျေးဇူးများစွာ ရရှိလာနိုင်မည်ဖြစ်ပါသည်။ မော်တော်ယာဉ်တစ်စီး ရောင်းချခြင်း/ ဝယ်ယူခြင်းလုပ်ဆောင်ပြီးနောက် ကျသင့်အခွန်ပေးဆောင်ရန် ပြင်ဆင်သည့်အခါ အခွန်ထမ်းမိဘပြည်သူတစ်ဦးအနေဖြင့် မြို့နယ်အခွန်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ အခွန်စိစစ်ခြင်းကိစ္စရပ်များဆောင်ရွက်ရန် မလိုအပ်တော့ပါ။ အဆိုပါစနစ်ကို နိုင်ငံအတွင်း အင်တာနက်ရရှိသည့် မည်သည့်နေရာဒေသကမဆို ဝင်ရောက်အသုံးပြုခြင်းအားဖြင့် မိမိ၏မော်တော်ယာဉ်တန်ဖိုးအပေါ် ဘက်လိုက်မှုမရှိသော တိကျသည့်တန်ဖိုးသတ်မှတ်မှုတစ်ခုကို ရရှိစေမည်ဖြစ်ပါသည်။

ထို့အပြင် စက္ကန့်ပိုင်းအတွင်း မိမိ၏ မော်တော်ယာဉ်တန်ဖိုးကို စနစ်ကသတ်မှတ်ထားသည်နှင့်အညီ ကိုယ်တိုင်စိစစ်တွက်ချက်သတ်မှတ်နိုင်သောကြောင့် ယခင်က ရက်အတော်ကြာအောင် အချိန်ပေးဆောင်ရွက်ရသည့် အချိန်နှင့် လုပ်အားကုန်ကျမှုကို လျှော့ချပေးနိုင်ခြင်းဟူသည့် အကျိုးကျေးဇူးကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရလျှင် အဆိုပါ VAVS စနစ်စတင်ပြီးသည့်နောက် နိုင်ငံတော်အစိုးရအနေဖြင့် အခွန်စိစစ်ပြီးကြောင်းထောက်ခံချက် QR ပုံစံအတွက် ကျခံကုန်ကျရသည့် နိုင်ငံတော်ဘဏ္ဍာငွေများ သက်သာသွားမည်ဖြစ်သည့်အပြင် မိဘပြည်သူများအနေဖြင့် မော်တော်ယာဉ်အပေါ် အလိုအလျောက် တန်ဖိုးစိစစ်တွက်ချက်သတ်မှတ်ပေးသည့် VAVS စနစ်ကြောင့် နိုင်ငံတော်သို့ အခွန်ပေးဆောင်ရာတွင် လွယ်ကူလျင်မြန်စွာဖြင့် လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါကြောင်းနှင့် အခွန်ဆိုင်ရာ အသိပညာပြည့်ဝစွာဖြင့် မိမိတို့နိုင်ငံအတွက် အခွန်တာဝန်ကျေပွန်သည့် နိုင်ငံကြီးသားများ ဖြစ်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ဆန္ဒပြုရင်း မကြာခင် စတင်တော့မည့် အခွန်ဆိုင်ရာ ဝန်ဆောင်မှုစနစ်တစ်ခုဖြစ်သည့် VAVS စနစ်အကြောင်း အနည်းငယ် တင်ပြလိုက်ရပါသည်။ ။




## "ရွှေမိုးပဇ္ဇုန်" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဇူလိုင် ၁၅** – မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဇူလိုင် ၁၇ ရက် သောကြာနေ့ ညပိုင်းတွင် "ရွှေမိုးပဇ္ဇုန်" တေးဂီတဖျော်ဖြေပွဲကို တိုက်ရိုက်(Live)ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

"ရွှေမိုးပဇ္ဇုန်" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံဆိုင်းဝိုင်းကြီး၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်အနုပညာရှင်များဖြစ်ကြသည့် အကယ်ဒမီများရှင်ရန်အောင်၊ ခရမ်းကြည်ကြည်မာ၊ မေသက်ထားဆွေနှင့် မေ့ချစ်သက်တို့အပြင် လဝန်းအောင်၊ အောင်ဘုဏ်းခန့်၊ အောင်ချစ်၊ ဘုန်းမြတ်ပိုင်ဦး၊ ထက်ထက်စိုးစံ၊ ဖွေးဖွေး စသည့်နာမည်ရတေးသံရှင်များက မိုးရာသီ၏ သဘာဝအလှများနှင့်အတူ ခေတ်အဆက်ဆက် ကျော်ကြားသည့် ဂန္ထဝင်တေးသီချင်းကောင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြမည် ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြား၏ MRTV–HD Channelနှင့် MRTV Enter–tainment Channel တို့မှ ဇူလိုင် ၁၇ ရက်၊ သောကြာနေ့ ည ၉ နာရီခန့်တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV App နှင့် MRTV Telegram တို့မှလည်း တစ်ပြိုင်တည်း Streaming လွှင့်တင်မည်ဖြစ်ရာ MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဇူလိုင် ၂၀ ရက် တနင်္လာနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV–HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် ဇူလိုင် ၁၅**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မုဒုံမြို့နယ်၌ ဆင်းသုခနှင့် ပေါ်ဆန်းရင် မိုးစပါး စိုက်ပျိုးထားရှိမှု ကြည့်ရှုစစ်ဆေး



**မုဒုံ ဇူလိုင် ၁၅**

မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးသည် ဇူလိုင် ၁၃ ရက်က မုဒုံမြို့နယ် စိုက်ပျိုးရေး(ဗဟို)ခြံ အစည်းအဝေးခန်းမ၌ ခြံတာဝန်ခံ ဦးဇော်လင်းနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ စိုက်ပျိုးရေး(ဗဟို)ခြံ အတွင်းရှိ ဧက ၃၀ တွင် ဆင်းသုခ မိုးစပါး စိုက်ပျိုးထားရှိမှုနှင့် ဧက ၂၀ ၌ ပေါ်ဆန်းရင် မိုးစပါးစိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

နံနက်ပိုင်းတွင်လည်း ပြည်နယ်ဝန်ကြီးချုပ်သည် မုဒုံမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ စာရေးဝန်ထမ်းများအား မုဒုံမြို့နယ် ရွှေဟင်္သာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးပြောကြားခဲ့သည်။

**ရာမည (ပြန်/ဆက်)**

## ရေကြည်မြို့နယ်၌ မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

**ရေကြည် ဇူလိုင် ၁၅**

ရေကြည်မြို့နယ်၌ ၂၀၂၆-၂၀၂၇ မိုးစပါးရာသီတွင် Rice Export Zone (REZ) ဧက ၂၀၀၀ အကောင်အထည်ဖော်ဆောင်ရွက်မည့် တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေများပေးအပ်ပွဲကို ဇူလိုင် ၁၃ ရက်က အသုတ်မြို့ ဓမ္မနာဒဝေဠုဝန်ရိပ်သာ၌ ကျင်းပရာ ကျုံပျော်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းဇော်လင်းတို့က အမှာစကားပြောကြားပြီး တောင်သူများအား စိုက်ပျိုးစရိတ်ချေးငွေ တစ်ဧကလျှင် တစ်သိန်းနှုန်းပေးအပ်ခြင်း စာချုပ်ချုပ်ဆိုခဲ့ပြီး စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်သည်။



**မြို့နယ် (ပြန်/ဆက်)**

## မြောင်းမြမြို့၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**မြောင်းမြ ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပရာ မြောင်းမြခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်က အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဒေါ်မြင့်မြင့်ခိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် မြောင်းမြမြို့နယ် ဥပဒေရုံးမှ မြို့နယ်ဥပဒေအရာရှိ ဦးသူရဟိန်း၊ ဒုတိယမြို့နယ် ဥပဒေအရာရှိ ဦးကျော်သူရနှင့် ဦးဟိန်းကိုအောင်တို့က မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၈၀ တို့အား နှစ်ရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာ (ပြန်/ဆက်)**



## မိုင်းတုံမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်

**မိုင်းတုံ ဇူလိုင် ၁၅**

မိုင်းတုံမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မိုင်းတုံမြို့နယ် ဦးစီးမှူး ဦးသန်းဇော်အောင်နှင့် ဝန်ထမ်းများက ဇူလိုင် ၁၃ ရက်က အခြေခံပညာ အထက်တန်းကျောင်း (မိုင်းတုံ)၊ အခြေခံပညာမူလတန်းလွန်ကျောင်း(ဝမ်မိုင်)၊ အခြေခံပညာမူလတန်းကျောင်း (မြို့မ၊ မုံးထော်၊ နားအီ၊ ခိုင်းလုံ) စသည့် အခြေခံပညာကျောင်း ခြောက်ကျောင်းမှ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ် ပြည့်ပြီးသည့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကွင်းဆင်း ဆောင်ရွက်ပေးရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သီဟ၊ ခရိုင်လဝကဦးစီးမှူး ဦးသန်းမျိုး၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစောမူးလာနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရ သည်။



**မျိုးကျော်စိုး(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ပွင့်ဖြူ ဇူလိုင် ၁၅**

ပွင့်ဖြူမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ် သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပရာ ပွင့်ဖြူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလင်းလင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ဥပဒေအရာရှိ ဒေါ်နော်အယ်နီးထာစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါသင်တန်းကို မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၅၄ ဦး တက်ရောက်ပြီး မြို့နယ်ဥပဒေအရာရှိနှင့် သင်တန်းနည်းပြများက ဥပဒေဆိုင်ရာ ဘာသာရပ်များကို ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကော့သောင်းမြို့နယ်၌ ကျောက်ကြီးစီ ကမ်းကပ်ခုံသံကူ ကွန်ကရစ်ကြမ်းခင်း နှစ်စင်း တည်ဆောက်ခြင်းနှင့် ကျောက်ကြီးစီကမ်းကပ်ခုံသံကူကွန်ကရစ်ကြမ်းခင်း တစ်စင်း ချဉ်းကပ်မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို တိုင်းဒေသကြီး စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ကျော်ကျော်ဦးနှင့် တာဝန်ရှိသူများ ဇူလိုင် ၁၁ ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)



## ရပ်စောက်မြို့၌ မြို့မဈေး သမဝါယမအသင်းလီမိတက် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးအမြတ်ထုတ်ပေး

**ရပ်စောက် ဇူလိုင် ၁၅**

ရပ်စောက်မြို့နယ် ရဿဝတီခန်းမ၌ ယမန်နေ့က မြို့မဈေးသမဝါယမ အသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသင်းသားများ၏ စုဆောင်းငွေအပေါ်အတိုးအမြတ်ထုတ်ပေးပွဲ ကျင်းပရာ မြို့မဈေး သမဝါယမအသင်းလီမိတက် သဘာပတိ ဦးမြင့်သိန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်မာဝင့်တို့က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက အသင်းသားများ၏ စုဆောင်းငွေပေါ် အတိုးငွေများ ထုတ်ပေးခဲ့သည်။

**ဝိုးတောင်း**



## သထုံမြို့၌ အသိပညာပေးဟောပြောပွဲကျင်းပ

**သထုံ ဇူလိုင် ၁၅**

သထုံမြို့ အမှတ်(၁)အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၃ ရက်က ကျင်းပရာ အမှတ်(၆၂) မီးသတ်တပ်ဖွဲ့စု(သထုံ)မှ ရဲမှူး တင်ကိုကိုက မီးဘေးဆေးဝါးအန္တရာယ်၊ သထုံမြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်မိုးက မှုခင်းဖြစ်စဉ်များ လျှော့နည်းကျဆင်းရေးနှင့် အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)မှ ဒုရဲအုပ်က ယာဉ်အန္တရာယ်နှင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာများကို ဟောပြောပြီး ယာဉ်စည်းကမ်း လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## ဓနုဖြူမြို့နယ်၌ မိုးရာသီကာလ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး လက်တွေ့သရုပ်ပြ

**ဓနုဖြူ ဇူလိုင် ၁၅**

ဓနုဖြူမြို့နယ်၌ မိုးရာသီကာလ ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြမှုကို ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီဟင်္သာတဘက်ကမ်းတာ တာမိုင် (၄၆/၃) မရမ်းချောင်း ရေကင်းစခန်း၌ ပြုလုပ်ရာ ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်ကျော်က မိုးတွင်းကာလတွင် ကြုံတွေ့ရတတ်သော ရေဘေးအန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်သတိပြုရမည့်အချက်များ၊ ကာကွယ်ရန်နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ရေပေါက်(ထူးပေါက်) ပေါက်ခြင်းနှင့် သဲပွက်ထခြင်းအတွက် ရေခွေ ခွေခြင်း၊ တာတမံရေကျော်ခြင်းအတွက် တာထိပ်ဆင့်ခြင်း၊ တာအိ တာလျှောခြင်း၊ လှိုင်းပုတ်ခြင်း၊ ကမ်းပြိုခြင်း၊ ရေစိမ့်ခြင်းတို့အတွက် ကာကွယ်မှုနည်းစနစ်များကိုလက်တွေ့သရုပ်ပြသပေးခဲ့သည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ လျှပ်စစ်နှင့် အဆင့်မြင့် ဆိုလာတပ်ဆင်ခြင်းနှင့် အထည်ချုပ်နည်းပညာများ သင်ကြား

**ရန်ကုန် ဇူလိုင် ၁၅**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၌ အဆင့်မြင့်ဆိုလာ တပ်ဆင်ခြင်း နည်းစနစ်သင်တန်း (၁/၂၀၂၆) ဆင်းပွဲနှင့် အခြေခံမော်တာစက်ချုပ် သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁၃ ရက်က ဗိုလ်မင်းရောင်လမ်းထောင့်ရှိ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ)၌ ကျင်းပရာ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်လွင်က အမှာစကား ပြောကြားသည်။



အခြေခံမော်တာ စက်ချုပ်သင်တန်းကို သုံးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါ သင်တန်းဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲအခမ်းအနားသို့ သင်တန်းသား ၅၇ ဦးနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် ပုဂ္ဂလိကအဖွဲ့အစည်းမှ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြင့်မြင့်ရီ**

## ကွန်ပျူတာတက္ကသိုလ်(တောင်ငူ)၌ နည်းပညာဆန်းသစ်တီထွင်မှု ထောက်ပံ့ရေးစင်တာဖွင့်

**တောင်ငူ ဇူလိုင် ၁၅**
နည်းပညာ ဆန်းသစ်တီထွင်မှု ထောက်ပံ့ရေးစင်တာ Technology and Innovation Support Center(TISC)ဖွင့်ပွဲကို ဇူလိုင် ၁၃ ရက်က တောင်ငူမြို့ ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မိုးမိုးသွယ်က တက္ကသိုလ်များတွင် နည်းပညာဆန်းသစ်တီထွင်မှု ထောက်ပံ့ရေးစင်တာများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ တက္ကသိုလ်ရှိ တီထွင်မှုများနှင့် ဒေသခံ MSME လုပ်ငန်းများအကြား ချိတ်ဆက်မှု တိုးမြှင့်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်မည့် အစီအစဉ်များ၊ ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့အစည်းနှင့် ပူးပေါင်း၍ တက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကွန်ပျူတာတက္ကသိုလ်(တောင်ငူ) ပါမောက္ခချုပ် ဒေါက်တာအိအိလှိုင်က တက္ကသိုလ်မှ ဒေသခံ MSME လုပ်ငန်းရှင်များ၊အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ Software Program များ စမ်းသပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။ အဆိုပါ အခမ်းအနားသို့ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**

## ရပ်စောက်၌ ဥပဒေအသိပညာပြန့်ပွားရေးဆရာဖြစ် သင်တန်းဆင်း

**ရပ်စောက် ဇူလိုင် ၁၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းဆင်းပွဲကို ဇူလိုင် ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းစိုးနိုင်က အမှာစကားပြောကြားပြီး ရပ်စောက်မြို့နယ် ဥပဒေအရာရှိ ဦးပြည့်ကျော်က ဥပဒေအသိပညာ ပြန့်ပွားရေးအတွက် ဥပဒေဆိုင်ရာသင်ခန်းစာများ ပို့ချပေးခဲ့မှုကို ရှင်းလင်းပြောကြားကာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ပြည်ကြီးတံခွန်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာတိုးတက်ရေး လူထုလှုပ်ရှားမှု အခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၁၅**
အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေးရည်ရွယ်သည့် လူထုလှုပ်ရှားမှုအခမ်းအနားကို ဇူလိုင် ၁၃ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ အထက (၃၂) အထက်တန်းကျောင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အခွန် ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဇေယျက အမှာ စကားပြောကြားပြီး ပြည်ကြီးတံခွန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိ ဦးအောင်ခိုင်စိုးက ဌာနကကောက်ခံလျက်ရှိသည့် အခွန်အမျိုးအစားများနှင့် အခွန်အကြောင်းသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကာ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **ဘုန်းမြတ်**



## တာချီလိတ်မြို့၌ ပစ်တိုင်းထောင်ငွေစုငွေချေး အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးအမြတ်ထုတ်ပေး

**တာချီလိတ် ဇူလိုင် ၁၅**
တာချီလိတ်မြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ဇူလိုင် ၁၀ ရက်က ပစ်တိုင်းထောင်ငွေစုငွေချေး သမဝါယမအသင်းလီမိတက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးအမြတ်ထုတ်ပေးခြင်း အခမ်းအနား ကျင်းပသည်။

ဦးစွာ ပစ်တိုင်းထောင်အထွေထွေစီးပွားရေးနှင့် ငွေစုငွေချေးသမဝါယမအသင်း လီမိတက် သဘာပတိ ဦးဇော်ဝင်းနှင့် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိဒေါ်စီလေးတို့က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးချိုလေးက သမဝါယမဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို ရှင်းလင်းပြောကြားကာ အသင်းသားများ၏ စုဆောင်းငွေအပေါ် အတိုးအမြတ်များ ထုတ်ပေးခဲ့သည်။ **ဝိုးတောင်း**



## မြစ်သားမြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မြစ်သား ဇူလိုင် ၁၅**
မြစ်သားမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် အမှတ်(၄) ခရိုင်ပတ်လမ်း (မြင်းခြံကုန်း-ခံတက္ကုန်း-နှမ်းခင်း-ရွှေစေတီလမ်း) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက ဇူလိုင် ၁၃ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ အရည်အသွေးပြည့်မီစေရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**

## ဒက္ခိဏသီရိမြို့နယ်၌ တီဘီရောဂါကင်းဝေးစေရေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**
နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဒက္ခိဏသီရိမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍တီဘီရောဂါကင်းဝေးစေရေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်းကို ဇူလိုင် ၇ ရက်က အုန်းတောဘုန်းကြီးကျောင်းနှင့် ဒက္ခိဏရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့၌ ဆောင်ရွက်သည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် တာဝန်ရှိသူများက ဒေသခံပြည်သူများအား တီဘီရောဂါအကြောင်း ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ တီဘီရောဂါ သံသယရှိသူများနှင့် ရောဂါဖြစ်ပွားသူများအား လိုအပ်သည့် စစ်ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။
**သျှင်ဦးမောင်(ဒက္ခိဏ)**






## ပြည်ခရိုင်၌ ပရိဘောဂပစ္စည်းများ ပေးအပ်

**ပြည် ဇူလိုင် ၁၅**
ပြည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပရိဘောဂပစ္စည်းများ ပေးအပ်ပွဲကို ဇူလိုင် ၁၂ ရက်က ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ရွှေဝါဖူးက အမှာစကား ပြောကြားပြီး ဒေါက်တာယဉ်ဝေလွင် (ဦးစိန်ခိုဆေးတိုက်)က ပရိဘောဂပစ္စည်းများ လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေါက်တာယဉ်ဝေလွင်( ဦးစိန်ခိုဆေးတိုက်)က ငွေကျပ် ၁၉၀၀၀၀၀ တန်ဖိုးရှိသော (ဆက်တီတစ်စုံ) ပရိဘောဂပစ္စည်းများကို တာဝန်ရှိသူထံသို့ လွှဲပြောင်းပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။ **အေးမိုး(ပြန်/ဆက်)**



## ဓနုဖြူမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**ဓနုဖြူ ဇူလိုင် ၁၅**
ဓနုဖြူမြို့နယ်၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းသင်တန်းဖွင့်ပွဲကို ဇွန် ၃၀ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်ဥပဒေအရာရှိ ဦးကြည်ထွေးခိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ/နည်းဥပဒေများ၊ လောင်းကစား ဥပဒေငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်း လှည့်လည်ခြင်းဆိုင်ရာ ဥပဒေ/နည်းဥပဒေများ၊ မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေ/ နည်းဥပဒေများကို ပို့ချခဲ့ပြီး သင်တန်း သား ၈၁ ဦး တက်ရောက်ခဲ့သည်။
**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## မဟာအောင်မြေခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၈၈

မန်းမေတ္တာရောင်းဝယ်ရေးကုမ္ပဏီလီမိတက် **နှင့်** ၁။ ဦးနိုင်နိုင်ဝင်း
Mann Myittar Trading Company Limited (ခ)ဒီမို
(၎င်း၏ကိုယ်စား ကုမ္ပဏီ၏မန်နေးဂျင်းဒါရိုက်တာ – ၂။ ဦးကျော်အုန်း
ဒေါ်အေးကြည်စမ်း) ၃။ ဒေါ်စန်းစန်းထွေး
(ခ)ဒေါ်စုစုခိုင်

**(တရားလို)** **(တရားပြိုင်များ)**

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ကျေးရွာအုပ်စု၊ ဝမော် ကျေးရွာ၊ စပါးတောင်ပတ်လမ်းနေ ဦးနိုင်နိုင်ဝင်း(ခ)ဒီမို၊ ဦးကျော်အုန်း နှင့် ဒေါ်စန်းစန်းထွေး (ခ)ဒေါ်စုစုခိုင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ကတိပဋိညာဉ်နှင့်အညီမဟုတ်ဘဲ တရားလို ကုမ္ပဏီ ပိုင်မော်တော်ကားဖြစ်သော 7R-2289 ကားအား အမှတ်(၁)တရားပြိုင်မှ တရားမဝင်ရယူသွားခဲ့သည့်အတွက် အဆိုပါမော်တော်ကားအား တရားလိုကုမ္ပဏီ သို့ ပြန်လည်ပေးအပ်စေလိုမှု (သို့မဟုတ်) 7R-2289 မော်တော်ကား၏ ကာလ တန်ဖိုးငွေကျပ် ၆၂,၀၀၀,၀၀၀/-၊ (ကျပ်သိန်း ခြောက်ရာ့နှစ်ဆယ်တိတိ)အား အမှတ်(၁) တရားပြိုင်မှ တရားလိုကုမ္ပဏီသို့ ပြန်လည်ပေးအပ်စေလိုမှု" ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယ ဝါဆိုလဆုတ် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များ ကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်အမှုနှင့် သက်ဆိုင် သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၉)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော့မေခိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မြဝတီမြို့၊ (၄) ရပ်ကွက်၊ အောင်သုခလမ်းနေ (ဘ)ဦးလှဦး၏ သား ဦးဗိုလ်မြင့် ၆/မမန(နိုင်) ၁၃၆၁၆၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် MA-413748 ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပါရန်။

**ဖုန်း-၀၉-၆၅၁၉၆၇၂၇၁**

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦး လွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သိင်္ဂီလမ်း နေ ဦးကျော်မင်းနိုင်၏သား ပြည့်အောင် စည် ကိုယ်ပိုင်အထက်တန်းကျောင်း Grade- 5 မှ မောင်သိန်းစိုးဦးအား မောင်လင်းခန့်ဟု ပြောင်းလဲခေါ်ဆို ပါရန်။

**မောင်လင်းခန့်**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးညွန့်အောင် ၈/ရစက(နိုင်) ၁၃၀၅၆၁၏သမီး မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့၊ မင်းမဟော် ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-10 မှ မငွေဇင်ဖြိုး၏ မွေးသက္ကရာဇ်အမှန်မှာ ၂-၁၀- ၂၀၀၉ ဖြစ်ပါကြောင်း။

**မငွေဇင်ဖြိုး**

## မွေးသက္ကရာဇ်အမှန်

(ဘ)ဦးစိုင်းထွန်းအောင် ၈/ရစက (နိုင်) ၁၃၀၅၄၆၏သား မကွေးတိုင်း ဒေသကြီး၊ ပခုက္ကူမြို့၊ ပညာစိုးစံ ကိုယ်ပိုင် အထက်တန်းကျောင်း၊ Grade-10မှ မောင်ဇော်ဖြိုးဟိန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀-၇-၂၀၁၀ ဖြစ်ပါကြောင်း။

**မောင်ဇော်ဖြိုးဟိန်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးစွမ်းထက်လင်း (ဘ) ဦးတင်ကျော်လင်း (၁၄/ကလန (နိုင်)၁၃၈၄၀၄) သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်း/အကွက်အမှတ်နှင့်အမည်-(RA-VI /ကွက်ပြင်-၆)၊ ဦးပိုင်အမှတ်-(၆က (၁၈)၊၁၉/၂၉၀)၊ မြေဧရိယာ (၀ဒသမ၁၄၇)အကျယ်ရှိမြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို (၁၄-၇-၂၀၂၆) ရက်တွင် ဒေါ်ခင်သန်းဝင်း (၇/ပမန(နိုင်)၀၁၃ ၇၃၂) ထံမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေဖြစ်သူထံသို့ ဖြစ်စေ၊ စာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** **လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစွမ်းထက်လင်း (ဘ)** **ဒေါ်ဟန်နီဌေးအောင်**
**ဦးတင်ကျော်လင်း** **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၁၈၈)**
**ရပ်ကွက်ကြီး(၆)၊ ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃/ပုပ္ပါးကုန်းရပ်၊ ပုပ္ပါးကုန်းရပ်ကွက်မှ မြေဧရိယာ (၀.၀၈၂) ဧကရှိ မြေကွက်အမှတ်(ယ- ၃၆၉)ကို နှစ်(၃၀) မြေငှားစာချုပ်ချထားပေးနိုင်ပါရန် မြေကွက်နေရာချထားပေးကြောင်း အကြောင်းကြားစာ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စု စာရင်း၊ မြေပြင်မှတ်တမ်းဓါတ်ပုံများ တင်ပြပြီး အမည်ပေါက် ဦးဘိုဝင်း(ဘ)ဦးတင်အောင် ၉/တကန(နိုင်)၁၁၀၁၁၃မှ လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့် နေ့ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ နှစ်(၃၀)မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## တောင်ကြီးမြို့နယ်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁၈

ဒေါ်စန်းရီ(ခ)ဒေါ်ခင်စန်း **နှင့်** ၁။ ဒေါ်ရင်မေ
( ၎င်း၏အခွင့်ရကိုယ်စားလှယ် ၂။ ဦးမောင်မောင်ထွဋ်
ဒေါ်ခိုင်ခိုင်ဦး)

**(တရားလို)** **(တရားပြိုင်များ)**

တောင်ကြီးမြို့၊ မင်္ဂလာဦးရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(မ/၂၇၇) နေ ဒေါ်ရင်မေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်စန်းရီ(ခ)ဒေါ်ခင်စန်း(၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်ဦး)က "မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ် တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလို လျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်း ရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( စည်းစိမ်မှူး )**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**တောင်ကြီးမြို့နယ်တရားရုံး**

### ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းကျေးရွာအုပ်စု၊ ပေါက်ကုန်းရပ်ကွက်၊ သဇင်လမ်း၊ အမှတ် -၁၅/ ၂၀ အိမ်ခြံမြေနှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာချက်

အထက်ပါအိမ်ခြံမြေသည် ကျွန်ုပ်မိတ်ဆွေ ဦးလှသောင်း (၇/တငန(နိုင်) ၂၀၀၈၆၄)နှင့် ၎င်း၏သားဖြစ်သူ ဦးချစ်မောင်မောင်သောင်း (၁၂/မဂဒ(နိုင်) ၁၆၈၀၄၀)ကိုင်ဆောင်သူ နှစ်ဦးတို့၏ လက်ရှိတရားဝင်ပိုင်ဆိုင်လျက်ရှိသော အိမ်ခြံမြေဖြစ်၍ ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသည့် ဦးလှသောင်းနှင့် ဦးချစ်မောင် မောင်သောင်းတို့မှ သိရှိသဘောမတူဘဲ ရောင်းချ၊ လွှဲပြောင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်းများ ပြုလုပ်ပိုင်ခွင့်မရှိကြောင်း ပြုလုပ်ပါက အတည် မဖြစ် ပျက်ပြယ်ပါကြောင်းနှင့် တားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲ ဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဝေမွန် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၇၇)**
**ဖုန်း-၀၉-၉၅၇၀၄၉၆၂၆**

## ဖောင်းကြွနံပါတ်ပြားမိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6R/3397 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက် ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကျောက်ရေတွင်း၊ မြို့ပြကွက်သစ် (၂)၊ ဘုရားကုန်းရပ်ကွက် ပေ (၈၀)လမ်းရှိ အမှတ် (၁၀၉၈)၊ ဦးလှဝင်း (၁၂/သလန (နိုင်)၀၄၀၀၇၄)၊ အမှတ် (၁၀၉၉)၊ ဦးကျော်မိုး(ခ)ဦးမြင့်ကြည် (၁၂/လမန(နိုင်) ၀၂၂၇၉၀)နှင့် အမှတ် (၁၁၀၀)၊ ဦးဘိုးထက် (၁၂/သလန(နိုင်)၀၆၂၃၇၂) အိုးအိမ် ပါမစ်တွင် အသီးသီးအမည်ပေါက်ထားပြီး အကျယ်အဝန်း(ပေ ၄၀xပေ ၆၀)၊ မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဦးလှဝင်း၊ ဦးကျော်မိုး(ခ)ဦးမြင့်ကြည်နှင့် ဦးဘိုးထက်တို့ တရားဝင်ပိုင်ဆိုင်ထား ပါသည်။ အမည်ပေါက်ထံမှ ဦးအေးဝင်း (၁၂/ခရန(နိုင်)၀၄၄၅၅၅) အား လက်ရောက်လွှဲပြောင်းပေးအပ်ခဲ့ပါသည်။ ထို့နောက် မြေကွက် (၃)ကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးအေးဝင်းမှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်းနှင့် ပါမစ် ပျောက်ဆုံးသည်မှာ မှန်ကန်ပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်အေးဖြူဖြူ (၁၄/ပသန (နိုင်)၂၁၅၇၅၉)မှ စရန်တစ်စိတ်တစ် ဒေသပေးချေထားပြီးဖြစ်သောကြောင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးဖြူဖြူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေမျိုးနိုင် (LL.B, WIPO-Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၃၁၉၈)**
**အမှတ် (၂၂၉)၊ သရဖီလမ်း၊ (၁၄/စီမံကိန်း(၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၂၅၃၂၈၂၆၃၊ ၀၉-၇၅၆၀၂၁၉၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မေယုလမ်းသွယ်(၄)၊ အမှတ် (၄၃၅/ခ၊ ၄၃၆/က)၊ (မြေညီထပ်) (ခြေရင်းခန်း) (တိုက်ကို မျက်နှာမူလျှင်ညာ)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင် သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိ ပြုသူ ဒေါ်မိုးစန္ဒာအောင် (၁၂/လသန(နိုင်)၀၂၀၇၉၆) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဖြစ်သူ ဦးအောင်ချမ်းပြည့် (၇/ကဝန(နိုင်)၁၀၃၆၅၃)က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင် (LL.B)** | **ဒေါ်ခင်စောသိန်း (LL.B)** | **ဒေါ်သိမ့်သဥ္ဇာလီ(LL.B,LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉ ၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၂၀

ဒေါ်ဥမ္မာဇော် **နှင့်** ဒေါ်နှင်းမြတ်မြတ်စိုး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး ၊ ကမာရွတ်မြို့နယ် ၊ (၄)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၆/ခ)၊ (မြေညီထပ်) နေ တရားပြိုင်ဒေါ်နှင်းမြတ်မြတ်စိုး (ယခုနေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "စာရင်းရှင်းလင်းပြီး တရားလိုသို့ ပေးရန် ကျန်ငွေကျပ်သိန်း (၁၈၅၀) နှင့် နစ်နာကြေးငွေကျပ်သိန်း (၃၁၅၀)၊ စုစုပေါင်းငွေ ကျပ်သိန်း (၅၀၀၀)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀ ၂၆ ခုနှစ်၊ ဇူလိုင် လ (၃၀) ရက် (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ( ၁ ) ရက်) မွန်း မတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်း များနှင့်သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နွယ်နီထွန်း)**
**ဒုတိယ ခရိုင်တရားသူကြီး(၂)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ဖခင်အမည်မှန်

ရန် ကုန် တိုင်း ဒေ သ ကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အထက (၅) Grade-12 မှ မောင်ကျော်ကျော်အောင်၏ ဖခင် အမည်မှန်မှာ ဦးဝင်းစန်း ၁၄/ ဖပန (နိုင်)၀၁၈၈၀၉ ဖြစ်ပါ ကြောင်း။

**ဦးဝင်းစန်း**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/26979, Honda Wave 110 ယာဉ်လက်ဝယ် ရှိသူ ဦးအောင်မိုးဝင်း ၁၄/ဟသတ (နိုင်)၂၉၉၄၆၄ က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟင်္သာတ)**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၀၃၁)နေ (ဘ) ဦးကြည်လှိုင်၏ သားသမီးများဖြစ်ကြသော (၁) ဒေါ်ကံ့ကော်လှိုင် (၁၂/ဒဂမ(နိုင်)၀၆၅၁၆၅)၊ (၂) ဒေါ်စန္ဒကူးလှိုင် (၁၂/ဒဂမ(နိုင်)၀၆၅၁၆၆)၊ (၃) ဦးဖြိုးဝေလှိုင် (၁၂/ဒဂမ(နိုင်)၀၆၅၁၆၇)၊ (၄) ဦးသက်ဝေလှိုင် (၁၂/ဒဂမ(နိုင်)၀၆၅၁၆၈)တို့၏ ညွှန်ကြားချက်အရ အများသိ စေရန်ကြော်ငြာအပ်ပါသည်။ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၁၀၃၁) ပေါ်တွင် ဆောက်လုပ် ထားသည့် (၆)ထပ်တိုက်၏ ပထမထပ်အခန်းအား ဦးကျော်ဆွေ (၁၂/ဥကတ(နိုင်)၀၅၆၈၉၂) နှင့် ဦးကိုကိုလေး (S/OKA-086414) နှင့် ဖခင်ဖြစ်သူ ဦးကြည်လှိုင် (၁၂/ဥကတ(နိုင်)၀၅၆၈၉၆) တို့မှ ပူးတွဲပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသည့်တိုက်ခန်းဖြစ်ပါသည်။ ၎င်းတို့၏ ဖခင်ဖြစ်သူ ဦးကြည်လှိုင်မှာ (၁၅-၃- ၂၀၁၉)တွင်လည်းကောင်း၊ ဦးလေးအကြီးဖြစ်သူ ဦးကျော်ဆွေသည် (၁၆- ၄-၂၀၂၂) ရက်တွင်လည်းကောင်း၊ ဦးလေးအငယ်ဖြစ်သူ ဦးကိုကိုလေး (S/OKA-086414)သည် (၁၀-၇- ၂၀၂၆) တွင်လည်းကောင်း လူ့ပုံကြီးဘဝဖြင့် အသီးသီးကွယ်လွန်သွားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်း၏ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ကျွန်ုပ် မိတ်ဆွေများမှ ပူးတွဲပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် တိုက်ခန်းဖြစ်ကြောင်းနှင့် ၎င်းတို့ မောင်နှမ(၄)ဦး သိရှိခြင်းမရှိဘဲ အဆိုပါတိုက်ခန်း အား လွှဲပြောင်းရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B, D.B.L, D.M.L, D.I.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၂၀၄)**
**တိုက်အမှတ် (၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ဇာဝေယာလမ်း၊ (င/က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊**
**ဖုန်း – ၀၉-၉၄၆၅၄၂၂၆၂၊ ၀၉-၄၂၁၁၂၄၈၀၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ သဲကျွန်းကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သဲကျွန်းအနောက်ရပ်၊ မြေဧရိယာ (၀ဒသမ၁၃၁) ဧက၊ မြေကွက်အမှတ် (ဥသ-၂၁၀၉) ၊ ဦးဝင်းမြင့်(ဘ)ဦးဘဦး အမည်ပေါက် ၊ နှစ် (၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်ခင် သန္တာစိုး ၁၂/ဗဟန(နိုင်) ၀၉၀၇၀၃(ဘ)ဦးစိုးနိုင် မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ် ၅၇၃/၂၀၂၁(၆-၅-၂၀၂၁)တင်ပြ ၍ ဒေါ်သက်နှင်းအေး ၉/မထလ(နိုင်) ၂၀၈၃၁၈(ဘ)ဦးခင်မောင်အေး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၂၀၅၂) ဟုခေါ်တွင်သော မြေအလျား xအနံပေ(၄၀x၆၀)ရှိ မြေချပါမစ်မြေကွက်ထဲမှ တရားဝင် မခွဲမစိတ်ရသေးသော [မြေကွက် အမှတ်(၂၀၅၃)နှင့် ကပ်လျက်အခြမ်း] ပေ(၂၀x၆၀)ရှိ မြေကွက် အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အား မူလ အမည်ပေါက် ပိုင်ဆိုင်သူ ဦးစိုးကြည် (ISN-၅၀၀၃၃၆)ထံမှ အရောင်းအဝယ် စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာဝင်း (၁၂/ဥကမ(နိုင်)၁၇၀၈၀၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်အေး သန္တာထွန်း (၁၂/ဒဂတ(နိုင်)၀၃၃၃၃၂) က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျ ခိုင်လုံသော တရားဝင် စာချုပ် စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော် လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီအပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝင်းသူရဇော်(LL.B)** | **ဒေါ်ယမင်းထွေး(LL.B)** | **ဦးရဲသီဟ(LL.B)** |
| **အထက်တန်းရှေ့နေ (စဉ်-၄၂၀၆၆)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၆၅)** | **အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)** |

**အမှတ်(၁၀၁)၊ ကံကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## အများသိစေရန် သတိပေးကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်ကွက်တွင်နေထိုင်သည့် ကျွန်ုပ်၏အမှုသည် ဒေါ်ကေသီအောင် (၁၃/တကန(နိုင်) ၂၈၈၁၃၃) ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏အမှုသည်သည် လူမှုပတ်ဝန်းကျင်တွင် သိက္ခာသမာဓိရှိစွာဖြင့် အေးချမ်းစွာ နေထိုင်သူတစ်ဦးဖြစ်ပါသည်။ သို့သော်လည်း မကြာသေးမီက Facebook၊ Telegram၊ Viber အပါအဝင် လူမှုကွန်ရက်နှင့် အီလက်ထရောနစ် ဆက်သွယ်ရေးနည်းလမ်းများမှတစ်ဆင့် ကျွန်ုပ်အမှုသည်၏ ဂုဏ်သိက္ခာကျဆင်းစေရန် ရည်ရွယ်၍ အခြေအမြစ်မရှိသော မဟုတ်မမှန် ရေးသား ဖော်ပြမှုများ၊ ခြိမ်းခြောက်၍ ငွေကြေးတောင်းခံရန် ကြိုးပမ်းခြင်းများကို ပြုလုပ်လျက်ရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအကြောင်းအရာများအား ပြုလုပ်သူများအနေဖြင့် ချက်ချင်းဖယ်ရှားခြင်း (Delete)၊ ထပ်မံရေးသားခြင်း၊ ဖြန့်ဝေခြင်းနှင့် မျှဝေခြင်း တို့ကို ချက်ချင်းရပ်တန့်ရန် အသိပေးအပ်ပါသည်။

ထို့အပြင် မည်သူမဆို အဆိုပါအကြောင်းအရာများကို မျှဝေခြင်း (Share)၊ ကူးယူဖြန့်ဝေခြင်း (Repost)၊ မှတ်ချက်ပေးခြင်း (Comment) သို့မဟုတ် အခြား နည်းလမ်းဖြင့် ဆက်လက်ဖြန့်ဝေခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့ပါက သက်ဆိုင်ရာ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိ စေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကေသီအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးနေဝင်းနိုင်(LL.B)** | **ဒေါ်ဇင်မာမြင့် (LL.B, DBL)** |
